# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၈၇)၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ၂၄-၂-၂၀၂၅၊ တနင်္လာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေးကျင်းပ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ဆက်သွယ်မှုကွန်ရက်များ တိုးချဲ့နိုင်မည်









ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မြန်မာ-ရုရှား နှစ်နိုင်ငံ အကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာစေရန် ရည်ရွယ်၍ ပဉ္စမအကြိမ် ရုရှား-မြန်မာ အစိုးရ အချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက် ရေးကော်မရှင် အစည်းအဝေးကို ကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌများဖြစ် ကြသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံ ခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားဖက် ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုး တက်မှုဝန်ကြီး မစ္စတာမက်ဆင်း ရယ်ရှဲသငြီကော့ဗ်တို့ ဦးဆောင်၍ ယနေ့ နံနက်ပိုင်းတွင် နေပြည် တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပ ပြုလုပ်သည်။

အဆိုပါ ကော်မရှင်အစည်း အဝေးကို သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီအစည်းအဝေး၊ သဘောတူစာချုပ်များ လက်မှတ် ရေးထိုးခြင်းအခမ်းအနားနှင့် စီးပွား ရေးဖိုရမ်တို့ဖြင့် အပိုင်း ၄ ပိုင်း ခွဲ၍ ကျင်းပပြုလုပ်သည်။

ကော်မရှင် အစည်းအဝေး၏ သီးသန့်အစည်းအဝေးသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်း ရှိန်တို့က အထူးဖိတ်ကြားထား သော ဧည့်သည်တော်များအဖြစ် တက်ရောက်ကြပြီး ဘာသာရပ် ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည် ထောင်စုဝန်ကြီးများနှင့် ဒုတိယ ဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ် များ တက်ရောက်ကြသည်။

ထို့နောက် ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေး၏ မျက်နှာစုံညီ အစည်းအဝေးကို ကျင်းပရာ ကော် မရှင်၏ **စာမျက်နှာ ၃ သို့** ❖

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းမည်

**(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသ ကြီးတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသ ကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း နှင့် တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်းတို့တွင် အများအားဖြင့် သာယာပြီး၊ ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ ၈လ

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ တနင်္လာနေ့။

မန္တလေး

# မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော နိုင်ငံဖြစ်သည်။ ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုအမွေအနှစ်များနှင့် မြတ်နိုးဖွယ်ရာယဉ်ကျေးမှုအစဉ်အလာများ ရှေးအစဉ်အဆက်မှ ယနေ့ထက်တိုင် ဖြစ်ထွန်းလျက်ရှိသည်။ နှစ်ပေါင်းများစွာက တည်ရှိခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများမှာ မေးမှိန်သွားခြင်းမရှိ ဆက်လက်ရှင်သန်လျက်ရှိသည်။ ဤသည်မှာ ကမ္ဘာပေါ်ရှိ နိုင်ငံတစ်နိုင်ငံ၏ ထူးခြားသော ဂုဏ်ဒြပ်ပင်ဖြစ်သည်။ ထို့ပြင် ယဉ်ကျေးမှုနယ်ပယ်၌ ဒြပ်ရှိယဉ်ကျေးမှုနှင့် ဒြပ်မဲ့ယဉ်ကျေးမှုဟူ၍ နှစ်မျိုးရှိရာ ထိုယဉ်ကျေးမှုနယ်ပယ် နှစ်မျိုးစလုံးတွင် ပါဝင်သော အဖိုးတန်အမွေအနှစ်များကို သက်ဆိုင်ရာဌာနများနှင့် မြတ်နိုးတန်ဖိုးထားသူတို့က ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နေကြသည်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် အသိအမှတ်ပြုလာစေရန်၊ မြန်မာပြည်သူများသာမက ကမ္ဘာ့ပြည်သူများပါသိရှိစေရန် မြှင့်တင်အားပေးလျက်ရှိသည်။

ယဉ်ကျေးမှုအမွေအနှစ်ဆိုသည်မှာ မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ အမှတ်အသား သရုပ်လက္ခဏာများနှင့် သမိုင်းဆိုင်ရာ အထိမ်းအမှတ်များပါဝင်ကာ အတိတ်ခေတ်များမှသည် မျက်မှောက်ကာလအထိ တည်ရှိနေသော ဒြပ်ရှိ၊ ဒြပ်မဲ့အရာများဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် မိမိတို့ကိုယ်ပိုင် ဒြပ်ရှိ၊ ဒြပ်မဲ့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ အသီးသီးပိုင်ဆိုင်ကြပြီး မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မှုများ၊ သုတေသနပြု ရှာဖွေဖော်ထုတ်မှုများကို အလေးအနက်ဆောင်ရွက်လျက်ရှိကြသည်။ မိမိတို့မြန်မာနိုင်ငံသည် ရှည်လျားသည့် သမိုင်းကြောင်းနှင့်အတူ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များလည်း ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။

ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်များဆိုသည်မှာ ကိုင်တွယ်ထိတွေ့နိုင်သည့် ရုပ်ဝတ္ထုများဖြစ်ပြီး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များမှာမူ ဘာသာစကား၊ အစဉ်အလာပြောကြားသည့် စကားပုံ၊ စကားထာ၊ ပုံဝတ္ထုများ၊ အဆို၊ အက၊ ဂီတနှင့် ဖျော်ဖြေတင်ဆက်မှု အနုပညာများ၊ လူမှုရေး၊ ဘာသာရေး ထုံးဓလေ့များ၊ ရိုးရာပွဲတော်၊ ရိုးရာအားကစား၊ ရိုးရာလက်မှုအတတ်ပညာများ၊ အသိပညာနှင့် ထုံးစံများ၊ ဆေးဝါးကုသမှုအတတ်ပညာများ စသည်တို့ ပါဝင်သည်။ မိမိတို့နိုင်ငံတွင် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီက မှတ်တမ်းတင်အတည်ပြုထားသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပေါင်းများစွာရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းမြှင့်တင်လျက်ရှိသည်။ ဒြပ်ရှိယဉ်ကျေးမှုများအနက်မှ ရှေးဟောင်းမြို့ပြအမွေအနှစ်များအား ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းသို့ ဝင်ရောက်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ရှေးရိုးအစဉ်အဆက် ဒြပ်မဲ့ယဉ်ကျေးမှုများ၊ အမွေအနှစ်များကို ယူနက်စကိုသို့ တင်နိုင်အောင် သက်ဆိုင်ရာဌာနများက ကြိုးပမ်းအားထုတ်နေကြောင်း ရေးသားလိုက်ရပေသည်။



မန္တလေး၊ မဟာလောကမာရစိန် ကုသိုလ်တော်ဘုရား ဘက်စုံပြုပြင်ရန်အတွက် (ကွယ်လွန်သူ)အဖွား ဒေါ်စောလှ၊ ဖခင်ကြီး ဦးစံဘ+မိခင်ကြီး ဒေါ်သောင်းတို့အား ရည်စူး၍ ပြည်လုံးချမ်းသာရပ် ၁၅ လမ်း၊ အကွက် ၆၁ နေ ကျန်ရစ်သူ သား၊ သမီး၊ မြေးများက အလှူငွေကျပ် ၁၂ သိန်းတိတိကို ယမန်နေ့က လှူဒါန်းရာ ဂေါပကအဖွဲ့ တွဲဘက်အထွေထွေအတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က လက်ခံပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။

သတင်းစဉ်

## "Mingalar Mandalay 10th Year Anniversary 2025" အခမ်းအနား ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၃**

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁၊ ၂၂၊ ၂၃ ရက်တို့တွင် မန္တလေးမြို့ Mingalar Mandalay, Walking Street-Mandalay Square Promotion Area တွင် "Mingalar Mandalay 10th Year Anniversary 2025" အခမ်းအနားကို နံနက် ၉ နာရီမှ ည ၇ နာရီအထိ ကျင်းပလျက်ရှိသည်။

မင်္ဂလာမန္တလေးလမ်းလျှောက်ဈေးတွင် လက်ဝတ်ရတနာအရောင်းပွဲ၊ Car Show များ၊ Cosmetic ဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ လူသုံးကုန်နှင့် စားသောက်ကုန်ဆိုင်များ၊ လျှပ်စစ်ပစ္စည်းဆိုင်များနှင့်အတူ ဆိုင်ခန်းပေါင်းများစွာဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။

မင်္ဂလာမန္တလေးနှစ်ပတ်လည်ပွဲများကို နှစ်စဉ်အလိုက် တစ်နှစ်ထက်တစ်နှစ် မတူညီစွာ ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၁၀ နှစ်တိုင်ခဲ့ပြီဖြစ်ရာ နိုင်ငံကျော် တေးသံရှင်များဖြစ်ကြသော Bobby Soxer၊ မိစန္ဒီ၊ အိမ့်ချစ်၊ ရဲလေး၊ Yung Hugo၊ Jason Ace၊ နိုင်မြဲသစ္စာ၊ ချစ်ဖွဲ့သာ၊ ရဲရဲသဏ္ဍာန်၊ ယံယံ၊ ပိုင်ပိုင်၊ မိုင်းမိုင်တို့၏ သီဆိုဖျော်ဖြေမှုများ၊ Bees Poison Dancer Group၊ Mernix Dancer Group အကများနှင့်အတူ မင်္ဂလာမန္တလေး ဧရိယာတိုင်းရှိ လမ်းတိုင်းတွင်လည်း မတူညီသော Activities များစွာ ပါဝင်သည်။

ထို့အပြင် KPop Random Dance အက၊ Zumba အကများနှင့်အတူ West Bank Band၊ လူငယ်ဂီတ Music Band၊ Escape Music Band တို့၏ ဖျော်ဖြေမှုများနှင့်အတူ Presenter Ko Phyo(N.Y.M)၊ Presenter D Moe Thit၊ Presenter MC Queen၊ Presenter Thet Paing၊ Presenter Shwe Zin တို့၏ တင်ဆက်မှုများဖြင့် စည်ကားစွာကျင်းပရာ ညနေ ၅ နာရီက ၁၀ နှစ်ပြည့် အထိမ်းအမှတ် ကိတ်မုန့်ခွဲပြီး အနုပညာရှင်များစွာက ဖျော်ဖြေခဲ့သည်။

အဆိုပါ ၁၀ နှစ်ပြည့် အခမ်းအနားကို အဓိကပံ့ပိုးကူညီသူအဖြစ် Rose Gem and Jewellery က ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။ **ရွှေမန်း**




## မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**မကွေး ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်မိမိမော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်မှ တရားရေးအရာရှိများ၊ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ ချောက်ခရိုင်အတွင်းရှိ တရားသူကြီးများနှင့် Online စနစ်ဖြင့် ပခုက္ကူခရိုင်၊ သရက်ခရိုင်၊ အောင်လံခရိုင်၊ ဂန့်ဂေါခရိုင်အတွင်းရှိ တရားသူကြီးများ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်မိမိမော်က အမှာစကား ပြောကြားရာတွင် (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုတရားသူကြီးချုပ်မှ လမ်းညွှန်မှာကြားခဲ့သည့် တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များ ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ပြီး အမှုများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးစစ်ဆေးဆောင်ရွက်ရေး၊ ကြန့်ကြာသည့်မှုခင်းများအား အမြန်ပြီးပြတ်စေရေးနှင့် အများပြည်သူယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်စေရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ လမ်းညွှန်မှာကြားချက်များအား မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်သင်းသင်းချိုနှင့် ဒေါ်ခင်နှင်းထွဋ်တို့က ထပ်ဆင့်ရှင်းလင်းမှာကြားခဲ့ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးခင်မောင်မြင့်က ထပ်ဆင့်ရှင်းလင်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ခရိုင်၊ မြို့နယ်တရားသူကြီးများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူးတို့က ပြန်လည်ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**



o-o-o-o-o

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း "Mekong-Ganga Food Festival" ပွဲတော် တက်ရောက်အမှာစကားပြောကြား

## ယဉ်ကျေးမှုဖလှယ်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုနှင့် အတွေ့အကြုံဖလှယ်မှုများမှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သွားနိုင်ရန်ရည်ရွယ်၍ ရန်ကုန်မြို့မှ အိန္ဒိယသံရုံးသည် ရန်ကုန်မြို့ရှိ အိန္ဒိယနွယ်ဖွား အမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်တို့နှင့် ပူးပေါင်း၍ "Mekong-Ganga Food Festival" ပွဲတော်ကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ယခင်ဝန်ကြီးများရုံး၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။(ယာပုံ)





အဆိုပါပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြို့တော်ဝန် ဦးဗိုလ်ငွေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ နိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ရန်ကုန်မြို့ အိန္ဒိယနွယ်ဖွား အမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်တို့မှ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အိန္ဒိယသံအမတ်ကြီးနှင့် ပွဲတော်တက်ရောက်လာကြသူများသည် မြန်မာအစားအစာပြခန်းများ၊ အိန္ဒိယအစားအစာပြခန်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းပြခန်းများ၊ လက်မှုပစ္စည်းနှင့် အဝတ်အထည်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ပွဲတော်အခမ်းအနားကို ဆီမီးထွန်းညှိပူဇော်၍ စတင်ဖွင့်လှစ်ပေးကာ အသင်းအဖွဲ့များက အိန္ဒိယတေးသီချင်း၊ မြန်မာတေးသီချင်းများ၊ အကအလှများဖြင့် ကပြသီဆိုဖျော်ဖြေကြသည်။

ထို့နောက် အိန္ဒိယသံအမတ်ကြီး၊ အိန္ဒိယနွယ်ဖွား အမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်တို့မှ ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားမှတစ်ဆင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြားကြွယ်ဝသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် အတွေ့အကြုံကောင်းများ ဖလှယ်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သွားနိုင်မည့် အခွင့်အရေးတစ်ခုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (The Mekong-Ganga Cooperation -MGC) အား အိန္ဒိယနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် အာဆီယံ(၅)နိုင်ငံပါဝင်သော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ မဲခေါင် - ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အဓိကဆောင်ရွက်မှုများတွင် ယဉ်ကျေးမှုဖလှယ်ခြင်းများမှတစ်ဆင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အချက်တစ်ချက်ပါဝင်ပါကြောင်း၊ ယနေ့ အစားအစာပွဲတော်အခမ်းအနားသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကောင်းမွန်သော ဆောင်ရွက်ချက်တစ်ခုဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် အာဆီယံအစားအစာပွဲတော်ကဲ့သို့ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ပွဲတော်မှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေပြီး ယဉ်ကျေးမှုဖလှယ်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကပြဖျော်ဖြေတင်ဆက်ကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သံအမတ်ကြီးတို့သည် ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

❖ ရှေ့ဖုံးမှ

ပူးတွဲဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အိစ်ကန်ဒဲ အာဇီဇော့ဗ်တို့က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြန်မာဘက်မှ ပူးတွဲကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မိတ်ဖက်ဆက်ဆံရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့် အချိန်မှစပြီး အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union-EAEU)နှင့် ပူးပေါင်းကာ ဥရောပဈေးကွက်သို့ ဝင်ရောက်နိုင်ပြီး ရုရှားနိုင်ငံအနေဖြင့်လည်း အာရှဈေးကွက်သို့ ပိုမိုချဲ့ထွင်နိုင်မည့် အခွင့်အလမ်းများ ရှိပါကြောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ရေးနှင့် ခေတ်မီစက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် ရုရှားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုတိုးတက်လာစေရန်အတွက် တိုက်ရိုက်လေကြောင်းလိုင်းများ ပြေးဆွဲလျက်ရှိကြောင်း၊ ယခုအစည်းအဝေး၏ ဆွေးနွေးမှုရလဒ်များနှင့် သဘောတူညီချက်များမှတစ်ဆင့် နှစ်နိုင်ငံအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာအားကောင်းလာပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ကာ နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရုရှားဘက်မှ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာမက်ဆင်းရယ်ရှဲသငြိကော့ဗ်က စတုတ္ထအကြိမ် ကော်မရှင်အစည်းအဝေးကျင်းပပြီး နောက်ပိုင်း ရုရှား-မြန်မာ နှစ်နိုင်ငံအကြား သိသာထင်ရှားသော ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုသာမက အခြေခံအဆောက်အအုံ စီမံကိန်းများ၊ ဘဏ်လုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာစီးပွားရေးလုပ်ငန်းများကိုလည်း ရုရှားဈေးကွက်က ကြိုဆိုလျက်ရှိကြောင်း၊ ရုရှား-မြန်မာ စီးပွားရေးဖိုရမ်ကိုလည်း ဆက်လက်ကျင်းပကာ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ဆက်သွယ်မှု ကွန်ရက်များကို တိုးချဲ့နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အိစ်ကန်ဒဲ အာဇီဇော့ဗ်က မြန်မာ-ရုရှား ကုန်သွယ်မှု ပမာဏတိုးမြှင့်ရေးအတွက် စွမ်းအင်၊ ဈုကလီးယားနယ်ပယ်၊ စိုက်ပျိုးရေးနှင့် သတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံအလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစီအစဉ်အရ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့် စပ်လျဉ်း၍ မြန်မာဘက်မှ ကော်မရှင် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က လည်းကောင်း၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ရုရှားဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတို့က လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ပဉ္စမအကြိမ်ကော်မရှင်အစည်းအဝေးတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးပေးနိုင်မည့် ဥပဒေမူဘောင်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ဘူမိဗေဒဆိုင်ရာ လေ့လာရှာဖွေမှု၊ ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အဏုမြူစွမ်းအင်အသုံးပြုမှု၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေး နည်းပညာနှင့် သတင်းမီဒီယာ၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေး၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ယဉ်ကျေးမှုနှင့် အားကစား၊ အလုပ်သမား၊ ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အာကာသ စူးစမ်းရှာဖွေရေးနှင့် အသုံးပြုရေး၊ Circular Economy နှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များပါဝင်သည့် ဆွေးနွေးမှုမှတ်တမ်းတို့ကို ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက အတည်ပြုလဲလှယ်ခဲ့ပြီး ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေးနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်သည်။

### လက်မှတ်ရေးထိုးလဲလှယ်

မွန်းလွဲပိုင်းတွင် နှစ်နိုင်ငံ သဘောတူစာချုပ်စာတမ်းများ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံ၊ ဘဏ်လုပ်ငန်း၊ ပညာရေး၊ ဆက်သွယ်ရေး၊ နည်းပညာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စာချုပ်စာတမ်း ၉ ခုကို သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးဖိုရမ်ကို ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက ဦးဆောင်ကျင်းပပြီး အဖွင့်အမှာစကားများ ပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲ (၁)အဖြစ် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စကားဝိုင်း၊ စကားဝိုင်းဆွေးနွေးပွဲ(၂)အဖြစ် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ စကားဝိုင်းနှင့် စကားဝိုင်းဆွေးနွေးပွဲ(၃)အဖြစ် အလုပ်သမားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စကားဝိုင်းကို ကျင်းပကြပြီး နှစ်နိုင်ငံအစိုးရဌာနများမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက တက်ကြွစွာ ပါဝင်ဆွေးနွေးကြသည်။

အဆိုပါ ပဉ္စမအကြိမ် မြန်မာ- ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး၌ သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီအစည်းအဝေး၊ လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် စီးပွားရေးဖိုရမ်တို့သို့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နှစ်နိုင်ငံကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် မြန်မာ-ရုရှား စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၅၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် (၄၆)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်







**မန္တလေး ဖေဖော်ဝါရီ ၂၃**

(၄၆)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ စေတနာသွေးလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အခမ်းအနား၌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုသွေးလှူရှင်များမှာ နေပြည်တော်နှင့်အထက်အရပ်ဒေသများမှ အကြိမ်(၄၀)နှင့်အထက် ယခင်(၄၅)ကြိမ်မြောက် ဂုဏ်ပြုပွဲအခမ်းအနားတွင် တက်ရောက်ပြီးနောက်ပိုင်း အနည်းဆုံး(၅)ကြိမ် လှူဒါန်းထားပြီးသူများ၊ တစ်ကြိမ်ထပ်မံလှူဒါန်းပြီးသော အကြိမ်(၁၀၀)နှင့်အထက် သွေးလှူရှင်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်ပေးသည့် လူမှုထူးချွန်တံဆိပ်ရရှိသော သွေးလှူရှင်များဖြစ်ပါကြောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ၂၀၂၃ ခုနှစ်က ကြိုတင်လှူဒါန်းသူ ၁၀၄၅၆ ဦး၊ လိုအပ်၍ လာရောက်လှူဒါန်းပေးသူ ၁၁၁၈၈ ဦး ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်က ကြိုတင်လှူဒါန်းသူ ၁၃၄၅၉ ဦးနှင့် လိုအပ်၍ လာရောက်လှူဒါန်းပေးသူ ၁၁၂၂၆ ဦး ရှိခဲ့ရာ ကြိုတင်လှူဒါန်းပေးသူများ ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုအခါ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ကျောက်ကပ်အစားထိုးခွဲစိတ်မှုကို ပညာရှင်များက အောင်မြင်စွာ ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်းနှင့် သွေးအသုံးပြုမှုများသည့် ကုသမှုများတွင် အရည်အသွေးပြည့်မီသည့် သွေးနှင့်သွေးပစ္စည်းများဖြင့် ကုသမှုပြုရသည့်အတွက် ကြိုတင်လှူဒါန်းပေးသည့် သွေးလှူရှင်များမရှိပါက လူနာများအတွက် အမှန်တကယ်လိုအပ်သည့်ကုသမှုကို ခံယူနိုင်မည်မဟုတ်ပါကြောင်း၊ သွေးလှူရှင်များအနေဖြင့် မိမိနှင့်မိမိပတ်ဝန်းကျင်တွင် ထိုကဲ့သို့ မွန်မြတ်သောလှူဒါန်းသည့် အလေ့အကျင့်ကောင်းများပြန့်ပွားအောင် ဆက်လက်ကူညီပေးပါရန်လည်း တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။




ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က လူမှုထူးချွန်တံဆိပ်(တတိယအဆင့်)ရရှိသော သံဃာတော်နှင့် သွေးလှူရှင်သံဃာတော်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် မှတ်တမ်းလွှာများ ဆက်ကပ်ပြီးနောက် အကြိမ်(၁၀၀)နှင့်အထက် သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရပစ္စည်းများကိုလည်းကောင်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အကြိမ်(၁၀၀)နှင့်အထက် သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရပစ္စည်းများကိုလည်းကောင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက အကြိမ်(၄၀)နှင့်အထက်မှ (၉၉)ကြိမ်ထိ သွေးလှူရှင် ၄၇ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရပစ္စည်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)






# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT) တတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဖေဖော်ဝါရီ ၂၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)၏ တတိယအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါတက္ကသိုလ် Auditorium ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ MIIT ပါမောက္ခချုပ် ဒေါက်တာဝင်းအေး၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ စီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘများ တက်ရောက်ကြသည်။






ရှေးဦးစွာ ပါမောက္ခချုပ်၊ စီမံခန့်ခွဲရေးနှင့်ပညာရေးအဖွဲ့ဝင်များက သတ်မှတ်ထားသည့် နေရာအသီးသီးတွင် နေရာယူကြပြီးနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

၎င်းနောက် ပါမောက္ခချုပ်က ကွန်ပျူတာသိပ္ပံအင်ဂျင်နီယာ B.E(Hons:)(CSE)ဘွဲ့ရ (၅) ဦး၊ အီလက်ထရောနစ်ဆက်သွယ်ရေးအင်ဂျင်နီယာ B.E(Hons:) (ECE)ဘွဲ့ရ (၅)ဦး၊ ကွန်ပျူတာသိပ္ပံအင်ဂျင်နီယာ B.E(Hons:) (CSE)ဘွဲ့ရ(၆)ဦး၊ အီလက်ထရောနစ်ဆက်သွယ်ရေးအင်ဂျင်နီယာ B.E(Hons:)(ECE) ဘွဲ့ရ (၁၄)ဦးတို့ကို ဘွဲ့များအပ်နှင်းခဲ့ပြီးနောက် အဝေးရောက်ဘွဲ့ယူသူ ကွန်ပျူတာသိပ္ပံ အင်ဂျင်နီယာ B.E(Hons:)(CSE) ဘွဲ့ရ (၇)ဦး၊ အီလက်ထရောနစ်ဆက်သွယ်ရေးအင်ဂျင်နီယာ B.E(Hons:)(ECE)ဘွဲ့ရ(၁) ဦး၊ ကွန်ပျူတာသိပ္ပံအင်ဂျင်နီယာ B.E(Hons:)(CSE) ဘွဲ့ရ (၃) ဦး၊ အီလက်ထရောနစ်ဆက်သွယ်ရေးအင်ဂျင်နီယာ B.E(Hons:) (ECE)ဘွဲ့ရ(၅)ဦးတို့ကိုလည်း အပ်နှင်းကြေညာခဲ့ကြောင်း၊ မြန်မာသတင်းအချက်အလက်နည်းပညာ တက္ကသိုလ်၏ တတိယအကြိမ် အင်ဂျင်နီယာ(ဂုဏ်ထူး)ဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနား၌ ပါမောက္ခချုပ်က မိန့်ခွန်းမြွက်ကြားခဲ့ကြောင်းနှင့် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

သတင်းစာမျက်နှာ- ၄ မှ










## မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဖလား ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာကော်မတီနှင့် တိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီ "မန်းအောင်ဆွေလင်း" ဘော်လီဘောကလပ်တို့ ပူးပေါင်းကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဖလား အသက် ၃၀ နှစ်အောက် အမျိုးသားဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ မန္တလေးအားကစားနှင့်ကာယပညာသိပ္ပံကျောင်း ဘော်လီဘောခန်းမနှင့် အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကျွဲရေကုန်းကျေးရွာ ရွှေခြင်းလုံးအသင်းရှိ ရွှေဘော်လီဘောအားကစားခန်းမတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲသို့ မြန်မာဘော်လီဘောလူမှုရေးအသင်း ဥက္ကဋ္ဌ ဦးရဲနိုင်၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်၊ မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း(အောင်သမာဓိ)၊ ဒုတိယဥက္ကဋ္ဌဦးထွန်းလင်း၊ အတွင်းရေးမှူး ဦးမြင့်ဆွေနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ပြိုင်ပွဲကျင်းပရေး တာဝန်ခံ အားကစားနှင့်ကာယပညာသိပ္ပံလက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ဝေနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဘော်လီဘောဒိုင်လူကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများ၊ ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်တွင် ကျွဲရေကုန်းကလပ်အသင်းက ဘုရားသုံးဆူအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး (ကျောက်ဆည်) ပန်းခြံလူငယ်အသင်းနှင့် မန်းအောင်ဆွေလင်းကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မန်းအောင်ဆွေကလပ်အသင်းက ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။ ဆက်လက်၍ ဘုရားသုံးဆူအသင်းနှင့် ပုလိပ်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘုရားသုံးဆူအသင်းက ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိသွားပြီး ဒုတိယပွဲစဉ်တွင် အောင်မြေလူငယ်အသင်းနှင့် (ကျောက်ဆည်) ပန်းခြံလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ (ကျောက်ဆည်)ပန်းခြံလူငယ်အသင်းက ၃ ပွဲ၊ ၁ ပွဲဖြင့် အနိုင်ရရှိကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## နွေရာသီ အခြေခံပန်းချီသင်တန်းဖွင့်လှစ်

**အောင်လံ ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အသိပညာဗဟုသုတ ကြွယ်ဝစေရန်အတွက် ရည်ရွယ်၍ အောင်လံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အောင်လံမြို့နယ်ရုံးမှ နွေရာသီအခြေခံပန်းချီသင်တန်းကို လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အောင်လံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ပန်းချီပညာရှင် ဦးမြင့်လွင်က ပန်းချီပညာနှင့်ပတ်သက်၍ မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ ပန်းချီသင်တန်းကို ဖွင့်လှစ်ပို့ချပေးရာ ကျောင်းသား၊ ကျောင်းသူ (၁၅) ဦးကျော် တက်ရောက်ခဲ့ပြီး အဆိုပါ နွေရာသီပန်းချီသင်တန်းကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

◆ စာမျက်နှာ ၂၄ မှ

စီစဉ် ပြေးဆွဲပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက်မှစတင်၍ နေပြည်တော်- ရန်ကုန်- နေပြည်တော်ခရီးစဉ်အား ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် စတင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခေတ်မီ DEMU ရထားတွဲဆိုင်းဖြင့် နေပြည်တော်မှ ရန်ကုန်အထိ စတင်စမ်းသပ်ပြေးဆွဲသည့် ခရီးစဉ်အဖြစ် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီတွင် နေပြည်တော် ဘူတာကြီးမှ စတင်ထွက်ခွာခဲ့ပြီး မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅ (MSME) နေပြည်တော်သို့ တက်ရောက်လာကြသည့် ကုမ္ပဏီအဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂလိကလုပ်ငန်းရှင်များအပါအဝင် ခရီးသွားပြည်သူ ၁၃၀ လိုက်ပါစီးနင်းခဲ့ကြကာ ရန်ကုန်ဘူတာသို့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြောင်းနှင့် နေပြည်တော်မှ ရန်ကုန်သို့ ဘူတာစဉ် ရပ်တန့်ချိန်များအပါအဝင် ခရီးသွားချိန် ၅ နာရီ မိနစ် ၅၀ ကြာမြင့်ကြောင်း သိရှိရသည်။

အဆင့်မြှင့်တင်ပြီးဖြစ်သည့် ရန်ကုန်-နေပြည်တော် ရထားလမ်းပိုင်း၌ ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ပြေးဆွဲမည့် DEMU ရထားတွင် ပထမတန်း လေးတွဲ၊ အထက်တန်း နှစ်တွဲ စုစုပေါင်း တွဲဆိုင်း ခြောက်တွဲဖြင့် ခရီးသည်





ရထားစီးနင်းလိုက်ပါသူများအား တွေ့ရစဉ်။

၃၁၂ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး နေပြည်တော် – မန္တလေး ပြေးဆွဲမည့် လေအိတ်ရထား ခရီးစဉ်အတွက် ရိုးရိုးတန်း လေးတွဲ၊ အထက်တန်း နှစ်တွဲ စုစုပေါင်း တွဲဆိုင်း ခြောက်တွဲဖြင့် ခရီးသည် ၃၃၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကာ ရထားအချိန်စာရင်းနှင့် လက်မှတ်ခနှုန်းထားတို့ကို မြန်မာ့မီးရထားမှ ထပ်မံထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ခရီးသည်များအနေဖြင့် အဆိုပါ DEMU ရထားနှင့် လေအိတ်ရထားများကို နေပြည်တော်ဘူတာတွင် ပြောင်းလဲလိုက်ပါ စီးနင်းနိုင်မည်ဖြစ်သည်။

ရန်ကုန် – မန္တလေး ခရီးစဉ်တစ်လျှောက် ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ သာစည်ဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး မြန်မာ့မီးရထားအနေဖြင့် ရထားစီး ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး ခေတ်မီလူစီးတွဲများ ဖြည့်တင်း/ ထုတ်လုပ်ခြင်း၊ ရထားလမ်း အဆင့်မြှင့်တင်ခြင်း၊ ဘူတာရုံများ အဆင့်မြှင့်တင်ခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၀၉ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၁၀၉ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၂၂၂၀ ကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၄၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင်အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက်ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းလွှဲပြောင်းပေးလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုလုပ်ငန်းများ မရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကိုပြတ်ပြတ်သားသား ကိုင်တွယ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# စားသောက်ကုန်တင်ပို့ရန် GACC မှတ်ပုံတင်ထားသည့် ကုမ္ပဏီ/စက်ရုံပေါင်း ၁၆၀၀ ကျော်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံမှ တရုတ်သို့ တင်ပို့သည့် စားသောက်ကုန်၊ ရေထွက်ပစ္စည်းနှင့် သီးနှံများ တင်ပို့သည့်အခါ GACC မှတ်ပုံတင်လက်မှတ်ရှိရန် လိုအပ်သဖြင့် GACC လက်မှတ်ရရှိရေး မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံမှ ကုမ္ပဏီ/စက်ရုံပေါင်း ၁၆၀၀ ကျော်ရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃ ရက်နေ့အထိ သုံးနှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံမှ ကုမ္ပဏီ/စက်ရုံပေါင်း ၁၆၅၀ မှပေးပို့သည့် လျှောက်လွှာ ၃၃၅၈ စောင်အတွက် GACC လက်မှတ် လျှောက်ထားပေး ပြီးဖြစ်သည်ဟု ဆိုသည်။

"GACC မှတ်ပုံတင်မယ်ဆိုရင် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွေနဲ့ ဆက်သွယ်လုပ်ဆောင်ရမှာပါ။ လုပ်ဆောင်နိုင်တဲ့ ကုန်စည်အမျိုးအစားပေါင်း ၁၈ မျိုးရှိပြီး တရုတ်နိုင်ငံဘက်ကို ကိုယ်တိုင် Account ဖွင့်ပြီး လျှောက်လို့လည်းရပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ကုမ္ပဏီပေါင်း ၁၄၈၆ ခုမှ ၃၁၉၄ စောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကုမ္ပဏီ/စက်ရုံပေါင်း ၁၄၁ ခုမှ ၁၄၁ စောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကုမ္ပဏီပေါင်း ၁၄ ခုမှ ၁၄ စောင်နှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကုမ္ပဏီပေါင်း ၉ ခုမှ ၉ စောင်တို့ကို GACC သို့ မှတ်ပုံတင်ရန် လျှောက်ထားပေးပြီးဖြစ်ကြောင်း သိရသည်။

"တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်အခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ GACC မှာ မှတ်ပုံတင်ထားကြောင်း လက်မှတ်ရှိမှ သူတို့နိုင်ငံကို တင်ပို့ခွင့်ပြုတယ်။ ကုန်စည်အမျိုးအစားအုပ်စုအလိုက် GACC မှာ မှတ်ပုံတင်ရမှာဖြစ်ပြီး တရားဝင်တင်ပို့ခွင့်ရမှာ ဖြစ်သလို သက်ဆိုင်ရာ ဦးစီးဌာနများက ဆောင်ရွက်ပေးပါတယ်" ဟု ဆက်လက်ပြောကြားသည်။

အသေးစိတ်သိရှိလိုပါက GACC ရုံးလုပ်ငန်းအဖွဲ့၊ ပြည်တွင်း ကုန်သွယ်မှုဌာနခွဲ၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (ဖုန်း-၀၆၇-၃၄၀၈၆၀၅နှင့် ၀၆၇-၃၄၀၈၆၁၇)သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Lee Byung-hun က BTS ၏ အောင်မြင်မှုကို ချီးကျူးထား

နာမည်ကျော် အနုပညာရှင် Lee Byung-hun သည် Squid Game နှင့် ကမ္ဘာတစ်ဝန်း အားပေး၊ ချစ်ခင်မှုရရှိခဲ့ပြီး အနောက်တိုင်း၏ အာရုံစိုက်မှုခံရသဖြင့် ကိုရီးယားအနုပညာကို နိုင်ငံ






တကာ ပိုမိုလက်ခံအောင် ပထမဆုံး ဦးဆောင်ခဲ့သည့်အဖွဲ့ BTS ကို ချီးကျူးစကားကို Interview တွင် ပြောကြားထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Interveiw တွင် Lee Byung-hun က BTS အဖွဲ့ကို Sunbaenim (သက်တမ်းကြီးသူကို လေးစားစွာခေါ်ဆိုသော အသုံးအနှုန်း)ဟု ခေါ်ဆိုမည်ဖြစ်ကြောင်း၊ ထိုသို့ခေါ်ဆိုရခြင်းမှာ "ကိုရီးယားအနုပညာအလုပ်" ဆိုသည်ကို နားလည်အောင် ရှင်းပြရလျှင် Squid Game သည် နိုင်ငံတကာတွင် အောင်မြင်ခဲ့ပြီး ကိုရီးယားပုံစံနှင့် ဇာတ်လမ်းများ၊ ဂိမ်းဖန်တီးမှုများမှာလည်း အောင်မြင်မှုရနေပြီဖြစ်ကြောင်း၊ BTS အဖွဲ့မှာ ယခင်ကပင် နိုင်ငံတကာ၌ အောင်မြင်နေပြီး ကိုရီးယားအနုပညာကို ကျယ်ကျယ်ပြန့်ပြန့် သိစေခဲ့သည့်အပြင် အမေရိကန်၌ နာမည်ရစဉ်က သူ ယခုဖြစ်နေသလိုမျိုး လူအများအာရုံစိုက်ခံရပြီး အောင်မြင်မှုဖြစ်ခဲ့သောကြောင့် ဖြစ်သည်ဟု ရှင်းပြသွားသည်။ (SKY)



## အက်တမ်များနှင့်အလင်း အပြန်အလှန်သဘောတရားကို ထိန်းချုပ်နိုင်သောနည်းလမ်းအသစ် တွေ့ရှိ

သဘာဝပစ္စည်းများသည် အလင်းနှင့် ထိတွေ့မှုပြုမှုတွင် အက်တမ်အဆင့်ပြောင်းလဲမှုများဖြင့် လှုပ်ရှားကြသည်။ အီလက်ထရွန်များသည် အစွမ်းတန်းခြားသော စွမ်းအင်အဆင့်များကြား ပြောင်းရွှေ့ခြင်းဖြစ်ရာ ယင်းလုပ်ငန်းစဉ်တွင် အခက်အခဲများရှိသည်။ အလင်းသည် ၄င်း၏လျှပ်စစ်စက်ကွင်းကို အဓိက အသုံးချသော်လည်း သံလိုက်စက်ကွင်းကို အနည်းငယ်သာ အသုံးပြုနိုင်သည်။

အလင်းဗေဒပညာရှင်များသည် အလင်းကို ထိန်းချုပ်နိုင်ရန် နည်းလမ်းအသစ်များကို ရှာဖွေနေကြသည်။ နောက်ပြန်အလင်းယိုင်ခြင်းသည် အလင်းတန်း သာမန်လမ်းကြောင်းမှ ဆန့်ကျင်ဘက်သို့ ကွေးသွားစေခြင်းဖြစ်သည်။ ထိုသို့ နောက်ပြန်အလင်းယိုင်ခြင်းဖြင့် မဟာမှန်ဘီလူးများကို ဖန်တီးနိုင်ပြီး ကိရိယာများကို တိုးတက်လာစေနိုင်သည်။

အမေရိကန်ပြည်ထောင်စု လန်ကတ်စတာတက္ကသိုလ်မှ ပါမောက္ခဂျန်နေရူစတေကော့စကီး၊ ဒေါက်တာ ကိုင်းလ်ဘော်လင်တိုင်းနှင့် ဂျပန်နိုင်ငံ အင်န်တီတီ အခြေခံသုတေသနဓာတ်ခွဲခန်းများမှ ဒေါက်တာလဲဝစ်ရှခ်စ်တို့သည် အက်တမ်များနှင့်အလင်း အပြန်အလှန်သဘောတရားကို ထိန်းချုပ်နိုင်သောနည်းလမ်းအသစ်တစ်ခုကို မကြာသေးမီက ထုတ်ဖော်ပြသနိုင်ခဲ့ကြောင်း သိရသည်။(SCI)

## Wang Hedi ကို စူပါစတားတစ်ဦးအဖြစ် မွေးဖွားလာသူဟု သတ်မှတ်ခံရ

လက်ရှိ တရုတ်အနုပညာလောကတွင် အောင်မြင်မှု ထိပ်တန်းရောက်ရှိနေသော Wang Hedi သည် သရုပ်ဆောင်ခြေလှမ်းအစတွင်ပင် ကျော်ကြားခဲ့၍ စူပါစတားတစ်ဦးအဖြစ် မွေးဖွားလာသူဟု ပရိသတ်များ သတ်မှတ်ခံရကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Wang Hedi (ခေါ်) Dylan Wang သည် ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်ဖွားဖြစ်၍ အသက် (၂၆)နှစ် ပြည့်ပြီဖြစ်ပြီး အဆိုတော်၊ သရုပ်ဆောင်ဖြစ်ခဲ့ကာ သူ့အိပ်မက်မှာ လေယာဉ်မောင်ဖြစ်၍ အင်ဂျင်နီယာနှင့် ဘွဲ့ရရှိထားသည်။

တက္ကသိုလ်တွင် Flight Attendants ကြော်ငြာစာစောင်၏ ပင်တိုင်မော်ဒယ်လ်နှင့် Spokesperson ဖြစ်ခဲ့ကာ 2016 Sichuan Campus Red Festival တွင် အနိုင်ရ၍ အနုပညာလောကသို့ ဝင်ခဲ့ရာမှ ပထမဦးဆုံးဇာတ်ကား Meteor Garden နှင့် ကျော်ကြားခဲ့သည်။

ပြည်တွင်း၊ ပြည်ပ အောင်မြင်မှုရရှိခဲ့ပြီး ၂၀၂၀ပြည့်နှစ်တွင် ဒုတိယမြောက် Ever Night S2၊ ၂၀၂၂ခုနှစ်တွင် Love Between Fairy and Devil တို့ဖြင့် ရွှေနှစ်ဖြစ်ခဲ့ပြီး ၂၀၂၃ခုနှစ်တွင် IQIYI ၏ အမြင့်ဆုံးဆု Screaming God ဆု ရရှိကာ အဆိုတော်အဖြစ်လည်း အောင်မြင်ခဲ့၍ စူပါစတားအဖြစ် မွေးဖွားလာသူဟု သတ်မှတ်ခံရသည်။ (SKY)



*-*-*-*-*

## Lee Joon Gi က ဇနီးသည်၏ ဘာသာစကားစွမ်းရည်ကို အားကျကြောင်း ပြောကြား

ထိပ်တန်းအနုပညာရှင် Lee Joon Gi သည် ပျော်ရွှင်သော မိသားစုကို ပိုင်ဆိုင်ထားပြီး သားနှင့် သမီးကို ဇနီးသည်ကဲ့သို့ ဘာသာစကားစွမ်းရည် တတ်မြောက်စေလိုကြောင်းနှင့် အားကျမိကြောင်း Interview တစ်ခုတွင် ပြောကြားထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Lee Joon Gi က သားကြီးနှင့် သမီးငယ် နှစ်ဦးစလုံး မိခင်နှင့် ဖခင်၏ အမွေရစေချင်ကြောင်း၊ ဇနီးသည်မှာ အင်္ဂလိပ်၊ စပိန်၊ ပြင်သစ်၊ အီတလီစကား ကျွမ်းကျင်၍ အားကျမှုရှိကြောင်း၊ လက်ရှိ ကိုရီးယားစကားသင်နေသည်ဟု ဆိုသည်။

သားနှင့်သမီးမှာ သူ့မိခင်ကဲ့သို့ ဘာသာစကားများစွာတတ်၍ ကြီးပြင်းလာရန် မျှော်လင့်ထားပြီး သူတို့ဘဝ အပြည့်ဝဆုံး တိုးတက်နိုင်မည်ဟု ခံစားမိကြောင်း ထပ်မံပြောဆိုထားသည်။

လက်ရှိ သာယာပျော်ရွှင်သော မိသားစုကို ပိုင်ဆိုင်ထား၍ Lee Joon Gi က ကျေနပ်မဆုံးဖြစ်နေသည်။ (SKY)





## The Fiery Priest Season 2 သည် စုံထောက်ဟာသကား ဖြစ်

၂၀၂၄ခုနှစ်တွင် ထွက်ရှိထားသည့် The Fiery Priest Season 2 မှာ စုံထောက်ဟာသကားဖြစ်ပြီး ကိုရီးယားနာမည်ကြီးအမှုကို အခြေခံရိုက်ကူးထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထက်မြက်သော အမှုစစ်မလေးတစ်ဦး၊ စုံထောက်တစ်ဦးနှင့် ဖာသာတစ်ဦးတို့ပူးပေါင်း၍ အမှန်တရားအတွက် ရုပ်တည်ကြီးများနှင့် လွဲချော်မှုများစွာဖြင့် ပုံဖော်ထားသည့် စုံထောက်ဟာသကားဖြစ်သည်။

အဆိုပါဇာတ်ကား ပထမပိုင်းတွင် ကိုရီးယားနာမည်ကြီးအမှု Rising Moon ကို စိတ်ဝင်စားဖွယ်အမှု ဖော်ထုတ်ခဲ့ကာ ဒုတိယပိုင်းတွင်လည်း အသွင်တစ်မျိုးပြောင်း၍ ဖန်တီးထားသည်။ (SKY)




## Anita Lee @ Li Wan Hua က Bodyguard ကားနှင့် ပရိသတ်အားပေးမှုရခဲ့

တရုတ်အနုပညာလောကတွင် တစ်ချိန်က နာမည်ကျော် အနုပညာရှင်ဖြစ်ခဲ့သည့် Antia Lee (ခေါ်) Li Wan Hua သည် Bodyguard ကားနှင့် ပရိသတ်အားပေးမှုအပြင် ချစ်သူပါ ရရှိခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Antia Lee (ခေါ်) Li Wan Hua သည် အနုပညာလောကတွင် ၁၉၉၇ခုနှစ်က ရိုက်ကူးခဲ့သောရုပ်ရှင်နှင့် Kenny Ho (ခေါ်) Ho Kar King နှင့် စတွေ့ခဲ့ပြီး ၁၉၉၈ခုနှစ် Bodyguard ကား တတိယတွဲရိုက်ကူးပြီး ချစ်သူဖြစ်ကြောင်း ကြေညာခဲ့ကာ ပရိသတ်အားပေးမှု တစ်ခဲနက် ရရှိထားသည်။

Li Wan Hua က ချစ်သူ Ho Kar King ၏ ချစ်သူဟောင်း ကင်ဆာရောဂါနှင့် ဆေးရုံတက်ချိန် သွားရောက်ပြုစုခဲ့သည်ကို မသိချင်ယောင်ဆောင်၍ ခွင့်လွှတ်ပေးခဲ့ကာ ချစ်သူသက်တမ်း သုံးနှစ်အကြာတွင် လမ်းခွဲခဲ့ကြသည်။

Li Wan Hua က ၂၀၀၃ ခုနှစ်တွင် ကနေဒါတွင် နေထိုင်သည့် တရုတ်လူမျိုးတစ်ဦးနှင့် လက်ထပ်ခဲ့ပြီး ကလေးသုံးဦးမိခင်အဖြစ် အနုပညာလောကမှ ရပ်နားခဲ့သည်။ (SKY)

## Shah Rukh Khan ကို Toxic ရုပ်ရှင်တွင် ညှိသည်သရုပ်ဆောင်အဖြစ် ပါဝင်ရန် ကမ်းလှမ်းထား

ဘောလိဝုဒ်မီဒီယာ Pinkvilla ၏ ဖော်ပြချက်အရ နာမည်ကျော်မင်းသား Yash ၏ Toxic ရုပ်ရှင်တွင် Shah Rukh Khan ကို ဧည့်သည်သရုပ်ဆောင်အဖြစ် ပါဝင်ရန် ကမ်းလှမ်းထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

Shah Rukh Khan ၏ အနုပညာစွမ်းရည်မှာ အမြင့်ဆုံးရောက်ရှိနေပြီး ဒါရိုက်တာနှင့် ထုတ်လုပ်သူများစွာက အလုပ်လုပ်ရန် စောင့်မျှော်နေကြရာမှ Toxic ရုပ်ရှင်ဖန်တီးသူက Shah Rukh Khan နှင့် လိုက်ဖက်မည့်ဇာတ်ဝင်ခန်းများ ရှိထား၍ ပါဝင်ပေးရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။




မကြာမီက Shah Rukh Khan သည် သူ၏ Mannat အိမ်တော်တွင် Yash ကို လက်ခံတွေ့ဆုံခဲ့ကြောင်း သိရ၍ Shah Rukh Khan သာ လက်ခံလျှင် ရုပ်ချိန်နှင့်အတူ တွဲဖက်မြင်ရမည်ကို ပရိသတ် စောင့်မျှော်နေကြသည်။ (SKY)

## တောင်ကိုရီးယားနိုင်ငံမှ ကီယာမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ ပီဗွီ ၅ လျှပ်စစ်ကားသစ်ကို ဆိုးလ်မြို့တော်၌ မိတ်ဆက်ပြသ



**ဆိုးလ် ဖေဖော်ဝါရီ ၂၃**

တောင်ကိုရီးယားအခြေစိုက် ကီယာမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီက ပီဗွီ ၅ ကို ပိုကြီးမားသော ပီဗွီ ၇ နှင့် ပိုသေးငယ်သော ပီဗွီ ၁ မော်ဒယ်များနှင့်အတူ ယမန်နေ့က ဆိုးလ်မြို့တော်၌ မိတ်ဆက်ပြသခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကီယာကုမ္ပဏီအနေဖြင့် ထိုလျှပ်စစ်ကားကို လျှပ်စစ်ကားဈေးကွက်တွင် ဦးဆောင်နေရာရရှိရန် ကီယာ၏ ရည်မှန်းချက်များအရ ပြောင်းလွယ်ပြင်လွယ်သော စနစ်ကို အသုံးပြုကာ ထုတ်လုပ်သွားမည်ဖြစ်သည်။

ကီယာသည် လာမည့် ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် ကျင်းပမည့် အခမ်းအနားတွင် အခြားမော်ဒယ်တစ်ခုကိုလည်း မိတ်ဆက်သွားမည်ဟု ဆိုသည်။

ကီယာ၏ နောက်ဆုံးပေါ် လျှပ်စစ်ကားမော်ဒယ်များကဲ့သို့ပင် ပီဗွီ ၅ တွင် အနာဂတ်ဆန်သော ဒီဇိုင်းများပါဝင်ပြီး ခေတ်သစ်ဒီဇိုင်းများဖြင့် ရိုးရာကုန်တင်ကားများထက် သာလွန်လျက်ရှိသည်။

ခရီးသည်တင်မော်ဒယ်တွင် တပ်ဆင်ထားသော ကြီးမားသည့် ပြတင်းပေါက်များသည် ခေတ်မီသောအသွင်အပြင်ကို ဖန်တီးပေးသည့်အပြင် မောင်းနှင်ရာတွင်လည်း ပိုမိုမြင်သာစေမည်ဖြစ်ကြောင်း သိရသည်။

Mon

## ပါလက်စတိုင်းအကျဉ်းသား ရာနှင့်ချီ၍ လွှတ်ပေးမည့်အစီအစဉ် ရွှေ့ဆိုင်းထား



**ပါလက်စတိုင်း ဖေဖော်ဝါရီ ၂၃**

ဟားမတ်စ်အဖွဲ့က မိမိတို့၏ သတ်မှတ်ချက်များကို မဖြည့်ဆည်းမချင်း ပါလက်စတိုင်းအကျဉ်းသား ရာနှင့်ချီ၍ လွှတ်ပေးမည့်အစီအစဉ်ကို ရွှေ့ဆိုင်းထားမည်ဖြစ်ကြောင်း အစ္စရေးဘက်က ဖေဖော်ဝါရီ ၂၂ ရက်တွင် ကြေညာလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု၏ ရုံးခန်းက ကြေညာချက်တစ်စောင်ထုတ်ပြန်ကာ အစ္စရေးသည် ပါလက်စတိုင်းအကျဉ်းသား ၆၂၀ ကို နောက်ထပ်ဓားစာခံများလွှတ်ပေးရန် စောင့်ဆိုင်းနေကြောင်း အသိပေးခဲ့သည်။

အစ္စရေး၏ ကြေညာချက်တွင် ဟားမတ်စ်က တစ်လကြာ စစ်ပြေငြိမ်းရေးကို ထပ်ခါတလဲလဲ ချိုးဖောက်နေသည်ဟု စွပ်စွဲခဲ့ပြီး ပါလက်စတိုင်း အကြမ်းဖက်အဖွဲ့က စစ်ပြေငြိမ်းရေးအရ စီစဉ်ထားသည့် ဓားစာခံအပြန်အလှန်လဲလှယ်မှုပြုလုပ်အပြီးတွင် ယင်းရွှေ့ဆိုင်းမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

စနေနေ့က လွှတ်ပေးခဲ့သည့် ဓားစာခံ ၆ ဦးသည် စစ်ပြေငြိမ်းရေး၏ ပထမအဆင့်အတွင်း လွှဲပြောင်းပေးရန် ကျန်ရှိနေသည့် နောက်ဆုံးအသက်ရှင်နေသည့် အစ္စရေးဓားစာခံများဖြစ်ပြီး အသက်ဆုံးရှုံးခဲ့သည့် အစ္စရေးဓားစာခံ ၄ ဦး၏အလောင်းများကို လာမည့်အပတ်တွင် လွှဲပြောင်းပေးမည်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0

## INTERNATIONAL NEWS

## နိုင်ငံတကာသတင်းများ

## ဗာတီကန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကျန်းမာရေးအခြေအနေ အလွန်စိုးရိမ်ရသည်ဟု ဆို



**ဗာတီကန် ဖေဖော်ဝါရီ ၂၃**

ဗာတီကန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ကျန်းမာရေးအခြေအနေသည် အလွန်စိုးရိမ်ရသော်လည်း ဖေဖော်ဝါရီ ၂၂ ရက် ညပိုင်းတွင် ငြိမ်းအေးစွာအနားယူခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ပုပ်ရဟန်းမင်းကြီးသည် သောကြာနေ့ကထက် ပို၍ မကျန်းမာကြောင်း ဖော်ပြခဲ့ပြီး နာတာရှည်ပန်းနာရင်ကျပ်ကဲ့သို့သော အသက်ရှုလမ်းကြောင်းဆိုင်ရာ အရေးပေါ်အခြေအနေကြောင့် သွေးသွင်းကုသမှု ခံယူခဲ့ရသည်။

အသက် ၈၈ နှစ်အရွယ် ပုပ်ရဟန်းမင်းကြီးသည် ရောမမြို့ရှိ ဂေမယ်လီဆေးရုံတွင် အဆုတ်နှစ်ဖက်လုံး ရောင်ရမ်းနေသည့် ရောဂါအတွက် ကုသမှုခံယူနေသည်။

သွေးအားနည်းရောဂါနှင့် ဆက်စပ်နေသည့် သွေးဥများနည်းပါးနေမှုကြောင့် သွေးသွင်းကုသမှုသည် လိုအပ်သည်ဟု ဗာတီကန်က ပြောကြားခဲ့သည်။

ရိုမန်ကက်သလစ်ဘာသာ၏ ခေါင်းဆောင်သည် သတိရှိနေပြီး ကုလားထိုင်ပေါ်တွင် ထိုင်နေသော်လည်း အောက်ဆီဂျင်အလွန်လိုအပ်နေပြီး ၎င်း၏ကျန်းမာရေးအခြေအနေသည် စောင့်ကြည့်ရန် လိုအပ်နေဆဲဖြစ်ကြောင်း ဗာတီကန်သာသနာက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Mon

## ပြင်သစ်နိုင်ငံ အရှေ့ပိုင်းရှိ မူလ်ဟောက်စ်မြို့တွင် ဓားထိုးတိုက်ခိုက်မှုတစ်ခုဖြစ်ပွား၊ လူတစ်ဦး သေဆုံး

**ပဲရစ် ဖေဖော်ဝါရီ ၂၃**

ပြင်သစ်နိုင်ငံအရှေ့ပိုင်းရှိ မူလ်ဟောက်စ်မြို့တွင် ယမန်နေ့က ဓားထိုးတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးကာ ရဲတပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

သံသယရှိသူ အသက် ၃၇ နှစ်အရွယ် အယ်လ်ဂျီးရီးယားနိုင်ငံသားတစ်ဦးကို အခင်းဖြစ်နေရာတွင် ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးမှူးများက ဆက်လက်စစ်ဆေးနေသည်။

၎င်းသည် ရဲနှစ်ဦးကို ပြင်းထန်စွာဒဏ်ရာရစေခဲ့ပြီး တစ်ဦးမှာ လည်ပင်းနှင့် တစ်ဦးမှာ ရင်ဘတ်တွင် ဒဏ်ရာရရှိခဲ့သည်။ ဝင်ရောက်ဟန့်တားရန် ကြိုးစားခဲ့သော အသက် ၆၉ နှစ်အရွယ် ပေါ်တူဂီနိုင်ငံသားတစ်ဦးမှာ ဓားနှင့်ထိုးခံရကာ သေဆုံးခဲ့ကြောင်း သိရသည်။

Mon



STOP AIDS



## အိတ်ချ်ကေယူ ၅ ကိုဗစ်တူးဗိုင်းရပ်စ်အသစ် လူသို့ ကူးစက်နိုင်သည့်အန္တရာယ် မြင့်မား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

သုတေသနများအရ အိတ်ချ်ကေယူ ၅ ကိုဗစ်တူးဗိုင်းရပ်စ်သည် ဆားစ်ကိုဗစ်တူးကဲ့သို့ လူ့ဆဲလ်များထဲသို့ ဝင်ရောက်နိုင်ကြောင်း တွေ့ရှိထားပြီး ၎င်းသည် လူသို့ ကူးစက်နိုင်သည့် အလားအလာနှင့် ပတ်သက်၍ စိုးရိမ်မှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါဗိုင်းရပ်စ်သည် လူသို့ ကူးစက်နိုင်သည့်အန္တရာယ် မြင့်မားသည်ဟု သတိပေးထားပြီး ၎င်းသည် လင်းနို့များမှ တိုက်ရိုက်ဖြစ်စေ၊ ကြားခံသတ္တဝါများမှတစ်ဆင့်ဖြစ်စေ ကူးစက်နိုင်သည်ဟု သိပ္ပံပညာရှင်များ လေ့လာတွေ့ရှိထားသည်။

ထိုဗိုင်းရပ်စ်၏မျိုးရင်းဖြစ်သော ရောဂါပိုးများကို တိရစ္ဆာန်မျိုးစိတ်များစွာတွင် တွေ့ရှိထားပြီးဖြစ်ပြီး၊ ၎င်းသည် မျိုးစိတ်များအကြား မကြာခဏကူးစက်မှုများရှိနေသည်ဟု ဆိုသည်။

ကိုရိုနာဗိုင်းရပ်စ်အသစ်တစ်မျိုးသည် တိရစ္ဆာန်များမှ လူသို့၊ လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ပြီး၊ အဖျားတက်ခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ ဝမ်းလျှောခြင်းနှင့် အော့အန်ခြင်းတို့နှင့်အတူ ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ဖြစ်စေသည်။

အမေရိကန်ပြည်ထောင်စုတွင် ထိုရောဂါကူးစက်မှုဖြစ်စဉ် နှစ်ကြိမ်သာရှိခဲ့ဖူးပြီး ၂၀၁၄ ခုနှစ်က ဖြစ်ပွားခဲ့သည့် အရှေ့အလယ်ပိုင်းခရီးသွားမှုများနှင့် ဆက်စပ်နေသည်။

လက်ရှိတွင် ထိုရောဂါအတွက် ကာကွယ်ဆေးမရှိသေးသဖြင့် ၎င်းနှင့်ဆက်စပ်နိုင်သည့် မည်သည့်ဗိုင်းရပ်စ်မဆို ကျန်းမာရေးအတွက် အလေးအနက်ထားစိုးရိမ်ရမည့်ကိစ္စဖြစ်ကြောင်း သိရသည်။

Mon

လုပ်ကြံသတ်ဖြတ်ခံခဲ့ရသော ဟစ်ဇ်ဘိုလာခေါင်းဆောင် နာဆရာလာ၏ ရျာပနကို ဖေဖော်ဝါရီ ၂၃ ရက်က လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တော်တွင် ကျင်းပရာ လူပေါင်းထောင်နှင့်ချီ၍ တက်ရောက်ကြစဉ်။

Mon



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်



**ရွှေဘို ဖေဖော်ဝါရီ ၂၃**

မီးဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် မီးဘေးအန္တရာယ်ဖြစ်ပွားပါက ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရွှေဘိုခရိုင် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ရွှေဘိုခရိုင် အကျဉ်းဦးစီးဌာနတွင် ယမန်နေ့ နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ရွှေဘိုခရိုင်အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲတွင် အမှာစကားပြောကြားခဲ့ပြီး ရွှေဘိုခရိုင် မီးသတ်ဦးစီးမှူး ဦးအေးမြင့်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောရာတွင် မီးဘေးအန္တရာယ်များ မည်သို့ဖြစ်ပွားတတ်ကြောင်း၊ မီးဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်ရန် နည်းလမ်းများ၊ မီးဘေးဖြစ်ပွားပါက စနစ်တကျ တုံ့ပြန်နိုင်မည့် နည်းလမ်းများနှင့် မီးဘေးအန္တရာယ်ဆိုင်ရာ ပြင်ဆင်မှုများကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပြီး မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်ပြီး ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး၏ အနီးကပ်ကြီးကြပ်မှုနှင့်အတူ ရွှေဘိုမြို့အကျဉ်းထောင်မှ ဝန်ထမ်းများနှင့် မိသားစုဝင် ၅၃ဦးတို့အား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အောက်ဆီဂျင်ဖြတ်တောက်နည်း၊ မီးသတ်ရေပိုက်၊ မီးသတ်ဆေးဘူးတို့ဖြင့်လည်းကောင်း၊ ဆီမီးလောင်မှုနှင့်ဂက်စ်အိုးမီးလောင်မှုအား DCP မီးသတ်ဆေးဘူး၊ ရေစိုအဝတ် HNE တို့ဖြင့် ငြိမ်းသတ်ခြင်း၊ မီးဘေးအန္တရာယ်ကြောင့် ထိခိုက်မှုများ လျှော့ချနိုင်ရန်အတွက် မီးသတ်စက်ကိရိယာများ အသုံးပြုနည်း၊ မီးဘေးအန္တရာယ်ဖြစ်ပွားပါက ဘေးကင်းစွာထွက်ခွာနည်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းစဉ်များကိုလည်း လက်တွေ့ သရုပ်ပြခဲ့သည်။

ရွှေဘိုခရိုင် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲများကို အရှိန်အဟုန်မြှင့်စွာ ဆက်လက်ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

မြို့နယ်(ပြန်/ဆက်)




## မကွေးမြို့နယ်အတွင်း မီးဘေးလုံခြုံရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မကွေး ဖေဖော်ဝါရီ ၂၃**

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ပါသဖြင့် မကွေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း မီးလန့်မှု၊ မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် မကွေးမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးလုံခြုံရေးအတွက် မီးသတိမူရေးနှိုးဆော်ခြင်းများကို လှည့်လည်ဆောင်ရွက်ခဲ့သည်။

မကွေးမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအတွက် ရပ်ကွက်၊ ကျေးရွာများတွင် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ ဈေးများစစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များစစ်ဆေးခြင်း၊ ပြည်သူလူထုအတွင်း မီးဘေးလုံခြုံရေး အသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

အောင်ကို(ဖန်ခါးမြေ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တာချီလိတ်မြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၁ နာရီက သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ အာခါဈေးလမ်းတွင် စိုင်းကျော်(ခ)အိုက်စိုင်းဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူအလေးချိန် ၃၅၀ ဂရမ်၊ လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နံနက် ၁၁နာရီခွဲက စိုင်းမောင်စိုင်းဆိုသူအား ၎င်းငှားရမ်းနေထိုင်သည့် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်ရှိ နေအိမ်အတွင်းမှ အိုက်စ်(မက်သ်အဖက်တမင်း)အလေးချိန် ၃ ကီလို၊ မော်တော်ဆိုင်ကယ် ၁ စီး၊ လက်ကိုင်ဖုန်း ၁ လုံးတို့နှင့်အတူ ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့်



စိုင်းကျော်(ခ)အိုက်စိုင်း(၄၅)နှစ်နှင့် စိုင်းမောင်စိုင်း(၄၅)နှစ်ဆိုသူတို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ကလေးမြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက်မွန်းလွဲ ၁၂ နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ ကလေးမြို့၊ စမ်းမြို့(ကွက်သစ်)ရပ်ကွက်တွင် ခန့်ဇဆွန့်ဆိုသူ မောင်းနှင်လာသည့် TOYOTA LAND CRUISER PRADO အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာယာဉ်ပေါ်မှ ဘိန်းဖြူအလေးချိန် ၂ ဒသမ ၂ ကီလိုနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မွန်းလွဲ ၁နာရီက မလားလ်နိပ်မောဆိုသူအား ၎င်းနေထိုင်သည့် ကလေးမြို့နယ်၊ အိတ်စွတ်ကျေးရွာရှိ နေအိမ်အတွင်းမှ ဘိန်းဖြူအလေးချိန် ၄ ဒသမ ၄ ကီလို၊ လက်ကိုင်ဖုန်း ၁လုံးတို့နှင့်အတူ ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ခန့်ဇဆွန့်(၅၀)နှစ်နှင့် လားလ်နိပ်မော(၆၅)နှစ်ဆိုသူတို့အား ကလေးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

* - * - * - * - *

## ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် မန္တလေးတိုင်းဒေသကြီး၌ မီးလောင်မှု(၁၈)ကြိမ် ဖြစ်ပွား

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ခရိုင်(၇)ခရိုင်၌ မီးလောင်ကျွမ်းမှု(၁၈)ကြိမ်ဖြစ်ပွားခဲ့ပြီး အိမ်ခြေ ၂၆ လုံး၊ ဂိုဒေါင် ၁ လုံး ဆုံးရှုံးခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့တွင် ပေါ့ဆမီး(၁)ကြိမ်၊ မတ္တရာမြို့တွင် လျှပ်စစ်မီး(၁)ကြိမ်၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့တွင် လျှပ်စစ်မီး(၁)ကြိမ်၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့တွင် မီးဖိုမီး(၁)ကြိမ်၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့တွင် ပေါ့ဆမီး(၁)ကြိမ်၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့တွင် မီးဖိုမီး(၁)ကြိမ်၊ အလိုအလျောက်မီး(၁)ကြိမ်၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့တွင်မီးဖိုမီး(၁)ကြိမ်၊ မသမာသူရှို့မီး(၁)ကြိမ်ဖြစ်ပွားကာ အိမ်ခြေ(၈)လုံး၊ ဂိုဒေါင်(၁)လုံး ဆုံးရှုံးခဲ့သည်။



ထို့အပြင် မန္တလေးခရိုင်၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်တွင် လျှပ်စစ်မီး(၁)ကြိမ်၊ မဟာအောင်မြေမြို့နယ်တွင် လျှပ်စစ်မီး(၁)ကြိမ်၊ ချမ်းမြသာစည်မြို့နယ်တွင် ပေါ့ဆမီး(၂)ကြိမ်၊ ပြည်ကြီးတံခွန်မြို့နယ်တွင် လျှပ်စစ်မီး(၁)ကြိမ်၊ အမရပူရမြို့နယ်တွင် လျှပ်စစ်မီး(၁)ကြိမ်၊ ပေါ့ဆမီး(၁)ကြိမ်၊ ပုသိမ်ကြီးမြို့နယ်တွင် ပေါ့ဆမီး(၁)ကြိမ်၊ လျှပ်စစ်မီး(၁)ကြိမ်၊ ချမ်းအေးသာစံမြို့နယ်တွင် ပေါ့ဆမီး(၂)ကြိမ်ဖြစ်ကာ အိမ်ခြေ(၁၈)လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)(ဝ၅၇)

# နွေဦးပေါက်သော်

လူတွေရယ်၊ ရာသီဥတုတွေရယ်ဆိုတာ မိတ်ဆွေတွေပဲ ဖြစ်ပါတယ်။

မိုးဥတုအခါမှာ အချို့က "ရွာလိုက်တဲ့မိုး တဖျန်းဖျန်းနဲ့. . ."စသည်ဖြင့် မိုးပုလဲပန်းတွေကို ချစ်ခင်ရမှန်း မသိကြဘူး။

ဆောင်းရောက်ပြန်တော့ အချို့က "ရာသီဥတုထဲမှာ ဆောင်းက စောင်ခြုံလို့ မနွေးဘူး။ မေတ္တာခြုံမှ နွေးတယ်. ." ဆိုကြပြန်ရော။

နွေ သည်နွေအခါ မိုးကိုလွမ်းတဲ့သူတွေ၊ ဆောင်းကို သတိရတဲ့သူတွေနဲ့ ယခုလက်ရှိ ပစ္စုပ္ပန်နွေဟာ ပူလွန်း၊ အိုက်လွန်းလှတယ်နဲ့ လူအမျိုးမျိုး၊ စိတ်အထွေထွေနဲ့နွေအလိုက် နှစ်ခြိုက်သဘောကျသူတွေရှိသလို နွေကို သတိပြုရမယ့် အခြင်းအရာတွေနဲ့ နေထိုင်ကြရမှာဖြစ်ပါတယ်။

နွေဦးရဲ့အစ ပထမလမှာ တပေါင်းလဖြစ်ပါတယ်။ နေ့ပူညချမ်း တပေါင်းလဆန်းရယ်လို့ မြန်မာဆိုရိုးစကားတစ်ရပ်က မှတ်သားစရာပါပဲ။

စာရေးသူတို့ ငယ်စဉ်အခါ ပညာရှာ မူလဘူတအရွယ်မှာ ပထမတန်း မြန်မာဖတ်စာထဲက အကြောင်းအရာကို ခုလို နွေဦးရောက်တဲ့အခါ သတိတရနဲ့ အောက်မေ့မိပါတယ်။

"တောင်လေတိုက်နေသည်။

အမှိုက်များ လွင့်နေသည်။

လိုက်၍ သိမ်းဆည်းပါ။" တဲ့

လေတဖြူးဖြူးနဲ့ တောင်လေတိုက်တဲ့အချိန်ကာလမှာ နွေဦးရာသီပဲ၊ နွေရောက်တော့ တစ်နေရာမှာ လေမြူးရယ်၊ သဲမြေရယ်၊ အမှိုက်စလေးတွေရယ် ဆုံပြီ။ လေတံခွန်လေဟုန်လေပွေတွေ မြင်တွေ့ရတတ်ပါတယ်။ သူတို့လည်း သက်ရှိလူတွေလို သဘာဝပျော်ကြ၊ မြူးကြထင်ပါရဲ့။

**နွေဦးအခါနှင့်ကျေးလက်တောရွာ**

ယခင်က စာရေးသူတို့ရွာမှာ နွေရောက်လာရင် မီးရေး၊ ထင်းရေး စိတ်အေးရအောင် အိမ်တိုင်း အိမ်တိုင်း သဲတွေ၊ ရေအိုင်တွေ၊ မီးချိတ်၊ မီးကပ်တွေ အဆင်သင့်၊ ရွာသူရွာသားတွေက ပြုလုပ်ကြ၊ ဆောင်ထားကြတာ တွေ့ရတတ်ပါတယ်။

ပြီးတော့ မီးကင်းအဖွဲ့ဆိုတာ ရှိတယ်။ ကျေးရွာလူကြီးတွေနဲ့ တာဝန်ရှိသူတွေမှာ အိမ်ခြေအလိုက် လူဦးရေအတိုင်း ညအခါ လူတွေ အိပ်မောကျချိန် မီးဘေးရှောင် မလောင်ခင်တား ဆိုသလို သူ့အဖွဲ့နဲ့သူ၊ ကိုယ့်အဖွဲ့နဲ့ကိုယ် မီးကင်းစောင့်ကြရပါတယ်။

ကျေးလက်တောရွာရဲ့ နွေဦးညအခါ "တောက်တောက် တောက်"နဲ့ ထန်းသီးမှုတ်ကို ခေါက်တဲ့ မီးကင်းစောင့်သံဆိုတာ အိပ်ရာထဲက ကြားရတဲ့အသံပဲ။

ရွာရဲ့ လမ်းမအတိုင်း မီးကင်းအဖွဲ့က အလှည့်ကျ စောင့်လေတော့ ကလေး၊ လူကြီး ကြီးကြီးငယ်ငယ် မီးမလန့်ရဘဲ တစ်ညတာ စိတ်အေးချမ်းသာ အိပ်စက်နားနေခွင့်ရကြတော့တာ။

နွေရောက်ပြီဖြစ်၍ အိမ်ရှင်မတွေ ထမင်း၊ ဟင်းချက်ပြီးတဲ့အခါ မီးငြိမ်း၊ မီးသတ်ဖို့ မီးဖိုမှာ မီးကြွင်းမထားဖို့ ဆိုတဲ့အကြောင်း ကျေးရွာလူကြီးက အသံချဲ့စက်နဲ့ သတိပေးစကားပြောကြားထားလေတော့ သတိဝီရိယနဲ့ အသိနဲ့ ထမင်း၊ ဟင်းတွေ ချက်ကြ၊ ပြုတ်ကြ၊ မီးငြိမ်းကြတာ နွေရဲ့ အလုပ်တစ်ခုလိုဖြစ်တော့ ကြိုတင်ကာကွယ် မီးသတိပြုဖွယ်ဆိုပြီး ထိုဘက်အိမ်၊ ဤဘက်အိမ် အချင်းချင်း မီးသတိပေးကြပါတယ်။

သားရှင်ပြု သမီးနားထွင်း မင်္ဂလာအလှူပွဲတော်ဆိုတာ နွေဦးမှာ ရွာမှာ အလှူနေ့ဆိုရင် တစ်ရွာလုံး မီးခိုးတိတ်ပဲ၊ အလှူအိမ်က ကျွေးတဲ့ မွေးတဲ့ အလှူထမင်း၊ အလှူဟင်းကို ကလေးလူကြီးမကျန် တပြုံးပြုံး တအုန်းအုန်းနဲ့ စားပွဲသောက်ပွဲ ကျင်းပနေပုံက နွေဦးအခါ ပျော်စရာရွှင်စရာ။ အလှူမင်္ဂလာပွဲဖြစ်ပြီး အသံချဲ့စက်က သီချင်းသံတွေနဲ့ ဆိုကြ၊ ကကြ၊ ဆူဆူညံညံပဲ။

**မန္တလေးမြို့၏ နွေဦးအခါ သတိပြုစရာ**

နေပူပြင်းခြင်း၊ လေရူးတိုက်ခတ်ခြင်း၊ သစ်ရွက်ခြောက်ကြွေခြင်း။ ဤအချက်သုံးချက်မှာ နွေရဲ့ သဘာဝဖြစ်သလို တစ်ခါတစ်ခါ ကြည်နူးစိတ်၊ တစ်ခါတစ်ခါ လွမ်းဆွတ်သတိရစိတ်တွေနဲ့ နွေရဲ့ နေ့ရက်တွေထဲ အဖိုးတန်တဲ့အချိန်တွေကတော့ အပြည့်ပါပဲ။

ဟိုယခင်က မန္တလေးမီးအန္တရာယ်ကြောင့် တိုက်တွေ၊ လုပ်ငန်းသုံးအလုပ်ရုံတွေ မီးဘေးကြောင့် ဆုံးရှုံးရပုံတွေ၊ လိပ်ပက်လက်လန်သလို လူ့ဘဝရဲ့ ဒုက္ခရောက်ရပုံတွေ သတင်းအစုံကို လူထုဒေါ်အမာ၏ "ကျွန်မရေးတဲ့ သူ့ဘဝ လူထုဦးလှ"စာအုပ်မှာ စာရေးသူတို့ ဖတ်ရတဲ့အခါ မီးဘေးကြောက်စရာကောင်းပုံ၊ မီးဘေးကြောင့် ဒုက္ခနဲ့ကြုံတွေ့ရတဲ့ ပြည်သူတွေကို သနားစိတ်၊ ထိုမီးဒုက္ခဘေးမှ လွတ်မြောက်ပြီး ကြွယ်ဝချမ်းသာအောင် ဆောင်ရွက်ပုံတွေဆိုတာ အံ့သြစရာကောင်းပါတယ်။ ဝမ်းသာစိတ်၊ ဝမ်းနည်းစိတ် အမျိုးမျိုးပါပဲ။

စာရေးသူတို့ မန္တလေးမှာ နေထိုင်စဉ်ကာလ မန္တလေးမြို့ နွေဦးရဲ့ ညညအခါ ထိုအရပ် ဤအရပ် စသည်မှ မီးသတ်ကားတွေရဲ့ တဝီဝီမြည်သံတွေ ကြားရတတ်ပြီး ထိုအသံတွေကြောင့်ပဲ တစ်နေရာရာမီး လောင်တယ်ဆိုတဲ့ အသိနဲ့အတူ ကြောက်လန့်တုန်လှုပ်စိတ်တွေနဲ့ ဖြတ်သန်းခဲ့ရပုံကို အမှတ်ရမိပါတယ်။

တစ်နေ့မှာတော့ ရတနာပုံဈေးကြီးမီးလောင်ပုံကို မန္တလေး ၃၅လမ်း၊ ခုံးကျော်တံတားပေါ်က စာရေးသူတို့ ရပ်ကြည့်ဖူးတယ်။

မီးညွန့်တွေ၊ မီးခိုးလိပ်တွေမှောင်လို့ မည်းလို့ပဲ၊ မီးသတ်ကားတွေ အလုအယက်တိုးဝှေ့ပြီး မီးသတ်သမားတွေ သက်စွန့်ဆံဖျား မီးငြိမ်းသတ်တာ မြင်ရတော့ အံ့သြစရာဖြစ်ရသလို ထိုမီးသတ်သမားတွေရဲ့ စိတ်ဓာတ်နဲ့လုပ်ရပ်ဟာ ပြည်သူ့အကျိုးပြုစိတ်ဓာတ်၊ စံပြစိတ်ဓာတ်ဖြစ်ကြောင်း သမိုင်းရဲ့ ကြေးမုံ၊ သမိုင်းရဲ့သတင်းကောင်းပဲဖြစ်ပါတယ်။

**နွေဦးအခါ မီးသတိပြုပါ**

လူတိုင်းအဖို့ အသက်ရှင်သန်ရန် ချက်ပြုတ်စားသောက်ရာတွင် မီးကို အသုံးပြုရသောကြောင့် မိတ်ဆွေဖြစ်၍ အချိန်မီ နံနက်စာ၊ နေ့လယ်စာ၊ ညစာ အဆင်သင့် ပြုံးရွှင်စွာ စားကြ၊ သောက်ကြ၏။

အရိုင်းခေတ်တွင် မီးကို မတွေ့မှု၍ သားစိမ်း၊ ငါးစိမ်းတွေ အစိမ်းစားရင်း ကျောက်ခေတ်က လူတွေ ကြီးပြင်းလျက် ရှင်သန်အောင် အသက်ကို မွေးမြူကြ၏။

မီးကို တွေ့ရှိခြင်း၊ အသုံးပြုခြင်းမှာ အရင်ခေတ်သို့ လူတွေရဲ့ အသက်ရှင်သန်မှု ပြောင်းလဲလာ၍ ကော်ဖီ၊ ရေနွေး၊ ထမင်း၊ ခေါက်ဆွဲ၊ မုန့်ပဲသရေစာ စသည် ပြုလုပ်လျက် အစားအစာအမျိုးပေါင်းမြောက်မြားစွာ ဖန်တီးပြီးလျှင် ဝမ်းဝအောင် ဆောင်ရွက်ခြင်း၊ စားသုံးခြင်းမှာ ထင်းမီး၊ မီးသွေးမီး၊ လျှပ်စစ်မီး၊ ဂတ်စ်မီးတို့၏ အကျိုးကျေးဇူးများပင်ဖြစ်သည်။

သို့ရာတွင် လူခိုး၍မကုန်၊ မီးခိုး၍ ကုန်ဆိုသလို ရန်သူမီးကို နွေအခါ လူတိုင်းအသိတရား၊ သတိတရားနဲ့ အသုံးပြုပါက မီးဘေးအန္တရာယ်မှ ကင်းဝေးနိုင်ပါ၏။

ထို့ကြောင့် မီးသည် လူသားတိုင်းကို အကျိုးပြုသောကြောင့် မိတ်ဆွေပမာ ချစ်ခင်အပ်သလို ဤလူထိုလူစသည် လူများစွာရဲ့ ပေါ့ဆမှုကြောင့် မီးလောင်တဲ့အခါ ဆုံးရှုံးရပုံတွေ သတင်းစာမှာ ဖတ်ရတဲ့အခါ မီးဟာ ရန်သူပမာ ကြောက်စရာကောင်းပုံ၊ စက်ဆုပ်စရာ၊ မုန်းတီးစရာတွေ၊ မီးဘေးသင့် ပြည်သူတွေအား ကရုဏာတရားနဲ့ သနားသင့်ပုံ အခြင်းအရာတွေ များစွာကြုံတွေ့ရ၏။

နွေဦးသည် ရွက်ဝါကြွေခြင်း၊ လေရူး၊ လေပွေတိုက်ခြင်း၊ နေအပူရှိန်ပြင်းခြင်း၊ ဤ(၃)ချက်ကြောင့် အချို့ကြည်နူးဖွယ်အပြည့်၊ အချို့လွမ်းဆွယ်ဖွယ်အပြည့်၊ အချို့အလုပ်တွင် အချိန်ပြည့်။

မည်သို့ဆိုစေ ဆောင်းကုန်လို့ နွေရောက်ပြီမို့ မီးသတိပြုရန်မှာ လူသားတိုင်း၏ တာဝန်ဖြစ်တော့၏။

**မြတ်ထေရ်ကျော်**

## သံပရာပင်ပန်းပွင့်နှုန်းကောင်းစေရန် ဆောင်ရွက်နည်း

**စိုက်ပျိုးနည်းစနစ်များ**

သံပရာစိုက်သူအချို့ဟာ သီးကင်းအရာများလာလျှင် ခြွေပေးတာမျိုးတွေ လုပ်ပေးပါတယ်။

Phosphorus ဓာတ်ချို့တဲ့ပါက အခြားဓာတ်များဖြစ်သည့် သံဓာတ်၊ အလူမီနီယံဓာတ်နဲ့ ကယ်လ်ဆီယမ်ဓာတ်များစုပ်ယူမှုကို အားနည်းစေပါတယ်။ နိုက်ထရိုဂျင်ဓာတ်ဟာလည်း အပင်ပိုင်းကြီးထွားဖို့အတွက် အရေးကြီးတဲ့အတွက် ထည့်ပေးဖို့လိုပါတယ်။ ရွက်ဖျန်းအနေနဲ့လည်း ဖျန်းနိုင်ပါတယ်။

သံပရာအထွက်ကောင်းဖို့ဆိုရင် ပန်းပွင့်နှုန်းကောင်းဖို့လိုပါတယ်။ အပင်တစ်ပင်ဟာ အသီးသီးရမယ့် အရွယ်ရောက်လာပြီဆိုရင် သေချာပြုစုစောင့်ရှောက်မှသာ အပွင့်ရော အသီးရော ကောင်းပြီး အထွက်နှုန်းသေချာမှာ ဖြစ်ပါတယ်။

**ရေလိုအပ်ချက်စီမံခန့်ခွဲခြင်း**

အပူလျော့ပိုင်းဒေသမှာရှိတဲ့ စိုက်ပျိုးရေးသမားတွေဟာ ပန်းပွင့်ဖို့ဆိုရင် အပူချိန်က အဓိကကျနေပါတယ်။ ဒါပေမဲ့ အပူပိုင်းဒေသများအတွက်တော့ ရေဟာ အဓိကကျနေတဲ့အချက် ဖြစ်ပါတယ်။ သံပရာပင်တွင် သီးနှံလိုအပ်ချက်ရဲ့ ၅၀ ရာခိုင်နှုန်း ရေပေးတာဟာ လုံးဝရေမပေးတာနဲ့ ယှဉ်လျှင် ပန်းပွင့်နှုန်း ပိုကောင်းစေပါတယ်။ ဒါကြောင့်မို့ အသင့်အတင့် ရေဖြတ်တဲ့နည်းဟာ သံပရာ ပန်းပွင့်နှုန်းကို အားပေးရာရောက်ပါတယ်။

**အပင်ရဲ့အစာသိုလှောင်ထားသည့် အခြေအနေအား ထိန်းညှိပေးခြင်း**

အစာရရှိမှုဟာ အပင်ရဲ့ အစာချက်ဖြစ်စဉ်ကနေ အမြစ်၊ ပင်စည် စတဲ့ အပင်ရဲ့အစိတ်အပိုင်းများမှာ ဘယ်လောက်များများ သိုလှောင်ထားသလဲဆိုတဲ့အရာပေါ် မူတည်နေပါတယ်။ သံပရာပင်မှာ အပွင့်၊ အဖူးတွေ ကြွေတယ်ဆိုတာဟာ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ အဲဒီလို ကြွေပေးမှသာ အပင်ထဲမှာ သိုလှောင်အစာများ ကျန်ရှိနေမှာပါ။ အပင်ဟာ ရှိသမျှ အဖူးအပွင့်တွေဆီ အစာအားလုံး မပို့နိုင်တော့တဲ့အခါ၊ အင်အားမမျှတော့တဲ့အခါ အချို့သော အဖူးတွေ အပွင့်တွေကို ကြွေကျပါတယ်။

ကောင်းကောင်းကြီးထွားပြီး အရွက်တွေမှာ အဖူးထွက်ချိန်အထိ အစာတွေကို သိုလှောင်ထားပြီး ပန်းပွင့်လာချိန်နဲ့ အသီးတင်ချိန်မှာ အရွက်ထဲရှိတဲ့အစာတွေ ကုန်သွားပါတယ်။ အဲဒီလိုအချိန်မှာ အရွက်ဟာ ဖျက်ပိုးကျတာတို့ ရောဂါတစ်ခုခုကျပြီး အရွက်မရှိတော့တဲ့ အပင်ထဲမှာ အစာသိုလှောင်ထားမှု မရှိသလောက် ဖြစ်သွားပါတယ်။ ရလဒ်ကတော့ အဖူး၊ အပွင့်၊ အသီးကင်းတွေ ကြွေကျပါတယ်။

ဒါကြောင့်မို့ သံပရာစိုက်သူအချို့ဟာ သီးကင်းအရာများလာလျှင် ခြွေပေးတာမျိုးတွေ လုပ်ပေးပါတယ်။ တစ်ချိန်တည်းမှာပဲ အချို့ကတော့ အကိုင်းတွေ နှိမ်ပေးပါတယ်။ ကိုင်းနှိမ်ပေးခြင်းဖြင့် အလင်းမဝင်ရောက်နိုင်တဲ့ အပင်ရဲ့အတွင်းပိုင်းတွေဆီ နေရောင်ရရှိပြီး အစာချက်အား ပိုကောင်းစေသလို တစ်ဖက်မှာလည်း ပန်းပွင့်များ အလွန်အကျွံထွက်လာမှာကို ထိန်းချုပ်ပေးပါတယ်။ သို့သော် အလွန်အကျွံ ကိုင်းနှိမ်ပေးခြင်းဟာ မကောင်းပါဘူး။ ဘာလို့လဲဆိုတော့ ကိုင်းနှိမ်တာများသွားရင် အပင်မှာ လက်ကျန်အရွက် အလွန်နည်းသွားပြီး အစာချက်အားနည်းကာ အစာသိုလှောင်အားနည်းသွားမှာ စိုးလို့ဖြစ်ပါတယ်။

**ဟော်မုန်းနှင့်ဓာတုဆေးများ ဖျန်းပေးခြင်း**

သံပရာတွင် အချိန်ကိုက်ပန်းပွင့်ဖို့ဆိုရင် အအေးဓာတ်ညီမျှဖို့လိုပါတယ်။ phosphorus မြေသြဇာဟာ ပန်းပွင့်ဖို့အတွက် အလိုအပ်ဆုံးဖြစ်ပြီး သဲဆန်တဲ့မြေတွေမှာ ချို့တဲ့တတ်ပါတယ်။ ယင်း Phosphorus ဓာတ် ချို့တဲ့ပါက အခြားဓာတ်များဖြစ်သည့် သံဓာတ်၊ အလူမီနီယံဓာတ်နဲ့ ကယ်လ်ဆီယမ်ဓာတ်များစုပ်ယူမှုကို အားနည်းစေပါတယ်။ နိုက်ထရိုဂျင်ဓာတ်ဟာလည်း အပင်ပိုင်းကြီးထွားဖို့အတွက် အရေးကြီးတဲ့အတွက် ထည့်ပေးဖို့လိုပါတယ်။ ရွက်ဖျန်းအနေနဲ့လည်း ဖျန်းနိုင်ပါတယ်။

ဟော်မုန်းနဲ့ပတ်သက်လို့ ဆွေးနွေးရရင် ဂျစ်ဘရယ်လင်ဟာ ပန်းပွင့်နှုန်းကို ဟန့်တားစေပါတယ်။ ဒါကြောင့် အဖူးနဲ့ ပန်းပွင့်နှုန်းအလွန်များနေ၍ လျှော့ချချင်တဲ့အခါမှသာ ဖျန်းပေးလေ့ ရှိပါတယ်။ အောက်ဇင်ကိုတော့ အသီးကင်းအလွန်များနေ၍ အရေအတွက်လျှော့ချင်တဲ့အခါမှာ ဖျန်းလေ့ရှိပါတယ်။ ဆိုက်တိုကိုင်နင်ဟာ အပင်ရဲ့ဆဲလ်တွေဖွံ့ဖြိုးဖို့အတွက် အားပေးပါတယ်။ အီသလင်းကတော့ အပင်ရဲ့အရွက်၊ အပွင့်နဲ့အသီးတွေကြွေဖို့အတွက် အဓိကသုံးကြပါတယ်။ အချုပ်အနေဖြင့် ဆိုရမယ်ဆိုရင် အပင်ဟော်မုန်းများကို အပင်ရဲ့ လိုအပ်ချက်အလိုက် သင့်တော်တဲ့အချိန်မှာ သင့်တော်တဲ့ ပမာဏဖျန်းမှသာ အကျိုးရှိမည်ဖြစ်ပါကြောင်း အကြံပြုလိုက်ပါတယ်။

**ရွှေမန်း**





# နိုင်ငံတကာ အားကစား သတင်းများ

## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ်ချန်ပီယံဆုအား ဆွတ်ခူးရန် လီဗာပူးအသင်း ရေပန်းစားလျက်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၂၃**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ်ချန်ပီယံဆုအား ဆွတ်ခူးရန် လီဗာပူးအသင်းက ရေပန်းစားလျက်ရှိကြောင်း ဘောလုံးအချက်အလက်ဝက်ဘ်ဆိုက်ဖြစ်သည့် Optaရဲ့ စူပါကွန်ပျူတာက တွက်ချက်ဖော်ပြခဲ့သည်။

ဘောလုံး အချက်အလက် ဝက်ဘ်ဆိုက်ဖြစ်သည့် Optaရဲ့ စူပါကွန်ပျူတာက တွက်ချက်ဖော်ပြမှုတွင် လီဗာပူးအသင်းက ချန်ပီယံဖြစ်ရန် ထိပ်ဆုံးမှ ရေပန်းစားခဲ့ပြီး ၄င်းနောက်တွင် ဘာစီလိုနာ၊ အာဆင်နယ်၊ အင်တာမီလန်တို့ အသီးသီး ရေပန်းစားလျက်ရှိသည်။

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ရန် ရေပန်းစားနေရုံသာမက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဖြစ်ရန် ရေပန်းစားလျက် ရှိနေသည်။

ထို့ကြောင့် လီဗာပူးအသင်း အနေဖြင့် လက်ရှိရေပန်းစားနေသည့်အတိုင်း ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ချန်ပီယံဆုအား ဆွတ်ခူးသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။**(အောက်ပုံ)** (NGB)





## 2025 Qatar ExxonMobil Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Andrey Rublev ဆွတ်ခူး

**လန်ဒန် ဖေဖော်ဝါရီ ၂၃**

ကာတာနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Qatar ExxonMobil Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ရုရှားတင်းနစ်ကစားသမား Andrey Rublev က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ရုရှားတင်းနစ် ကစားသမား Andrey Rublev သည် 2025 Qatar Exxon Mobil Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂရိတ်ဗြိတိန်တင်းနစ် ကစားသမား Jack Draper အား ၇-၅၊ ၅-၇၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ Andrey Rublev က "ကျွန်တော် အခုလို 2025 Qatar Exxon Mobil Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ နိုင်ငံ့အတွက်ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားဦးမှာပါ"ဟု ပြောသည်။**(အပေါ်ပုံ)**(NGB)

## ဘောလုံးသတင်း အတိုအထွာများ

* ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းနောက်ခံကစားသမား အူပါမီကာနိုအား ၂၀၃၀ပြည့်နှစ်အထိ စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အေစီမီလန်အသင်းနှင့် အဆင်မပြေဖြစ်နေသည့် နောက်ခံကစားသမား သီယိုဟာနန်ဒက်ဇ်သည် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် စပိန်လာလီဂါထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်းသတင်းများက ဖော်ပြခဲ့သည်။

* ဗီယင်နာအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြဗန်ပါစီအား ခန့်အပ်သွားဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

(NGB)

## ပါကွီတာ ခြေကျင်းဝတ်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်

**လန်ဒန် ဖေဖော်ဝါရီ ၂၃**



ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ပါကွီတာ ခြေကျင်းဝတ်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ပါကွီတာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဝက်စ်ဟမ်းအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ပါကွီတာသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၀ပွဲ ကစားပြီး ၁၈ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(အပေါ်ပုံ)** (NGB)

## နည်းပြ နစ္စတယ်ရွိုင်း လက်စတာစီးတီးအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၂၃**

လက်စတာစီးတီးအသင်းသည် လက်ရှိအချိန် ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ နစ္စတယ်ရွိုင်းအား နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ် ရှိနေသည်။

အဆိုပါ နည်းပြသည် လက်စတာစီးတီးအသင်းအား ၂၀၂၄ခုနှစ် နိုဝင်ဘာ ၂၉ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၅ပွဲတွင် ၃ပွဲနိုင်၊ ၁ပွဲသရေ၊ ၁၁ပွဲရှုံး ရလဒ် ပိုင်ဆိုင်ထားပြီး ရလဒ်များ အလွန်ဆိုးရွားလျက်ရှိနေသည်။

လက်စတာစီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၂၆ပွဲကစားအပြီးတွင် ရမှတ် ၁၇မှတ်ဖြင့် အဆင့် ၁၉နေရာတွင် ရပ်တည်ပြီး ရလဒ်များအလွန်ဆိုးရွားခြင်းကြောင့် လာမည့်ရက်ပိုင်းအတွင်း နည်းပြနစ္စတယ်ရွိုင်းအား ရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် နည်းပြ နစ္စတယ်ရွိုင်းအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း လက်စတာစီးတီး အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)** (NGB)



## ဖလော်ရီယန်ဗက်ဇ်အား ခေါ်ယူရန် မန်ချက်စတာစီးတီးအသင်း အလျင်အမြန်စီစဉ်

**လန်ဒန် ဖေဖော်ဝါရီ ၂၃**

မန်ချက်စတာစီးတီးအသင်းသည် လေဗာကူဆင်အသင်း ကွင်းလယ်ကစားသမား ဖလော်ရီယန်ဗက်ဇ်အား ခေါ်ယူရန် အလျင်အမြန်စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၇ပွဲကစားပြီး ၅၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဖလော်ရီယန်ဗက်ဇ် ကိုယ်တိုင်ကလည်း မိမိအနေဖြင့် ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။ **(အောက်ပုံ)**

ထို့ကြောင့်မန်ချက်စတာစီးတီးအသင်းအနေဖြင့် လေဗာကူဆင်အသင်းထံမှ ဖလော်ရီယန်ဗက်ဇ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)



## ကယ်လီဟာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် လီဗာပူးအသင်းမှ ထွက်ခွာသွားဖွယ်ရှိ

**လီဗာပူး ဖေဖော်ဝါရီ ၂၃**

လီဗာပူးအသင်း ဂိုးသမား ကယ်လီဟာ အသင်းနှင့်ပုံမှန်ပွဲထွက်ခွင့်နည်းပါးနေခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ထွက်ခွာသွားဖွယ်ရှိနေသည်။

အဆိုပါဂိုးသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။

ဂိုးသမား ကယ်လီဟာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၄ပွဲသာ ကစားထားရသေးသည်။

လီဗာပူးအသင်းကလည်း ဂိုးသမား ကယ်လီဟာအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၄၀ ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဂိုးသမား ကယ်လီဟာအနေဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် လီဗာပူးအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)** (NGB)



### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄) ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၂-၂၀၂၅ | (၂)ရှက်ဝီးလ်Utd - လိဒ်စ်(၁) | ရှက်ဝီးလ်Utd ၀-၁ လိဒ်စ် | ရှက်ဝီးလ်Utd(အိမ်) | ၁၆ | ၁၂ | ၂ | ၂ | ၂၄ | ၁၀ |
| နံနက်၀၂း၃၀ နာရီ | (လိဒ်စ် ၂-၀ ရှက်ဝီးလ်Utd) | လိဒ်စ် ၂-၁ ရှက်ဝီးလ်Utd | လိဒ်စ်(ဧည့်) | ၁၆ | ၇ | ၇ | ၂ | ၂၄ | ၁၂ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၂-၂၀၂၅ | (၉)ရိုးမား - မွန်ဇာ(၂၀) | ရိုးမား ၁-၀ မွန်ဇာ | ရိုးမား(အိမ်) | ၁၂ | ၇ | ၁ | ၄ | ၂၄ | ၁၂ |
| နံနက်၀၂း၁၅ နာရီ | (မွန်ဇာ ၁-၁ ရိုးမား) | မွန်ဇာ ၁-၄ ရိုးမား | မွန်ဇာ(ဧည့်) | ၁၂ | ၁ | ၄ | ၇ | ၁၁ | ၂၂ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၂-၂၀၂၅ | (၁၂)ဆီဗီလာ - မာယော့ကာ(၇) | ဆီဗီလာ ၂-၁ မာယော့ကာ | ဆီဗီလာ(အိမ်) | ၁၂ | ၅ | ၃ | ၄ | ၁၁ | ၁၄ |
| နံနက်၀၂း၃၀ နာရီ | (မာယော့ကာ ၀-၀ ဆီဗီလာ) | မာယော့ကာ ၁-၀ ဆီဗီလာ | မာယော့ကာ(ဧည့်) | ၁၁ | ၅ | - | ၆ | ၁၀ | ၁၆ |

### ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၄-၂-၂၀၂၅ | ညနေ၄း၀၀ နာရီ | (၉)ရောဝတီ - ရှိုင်(၁၁) | ရောဝတီ ၂-၂ ရှိုင် |
| တနင်္လာနေ့ | (သုဝဏ္ဏကွင်း) | (ရှိုင် ၁-၁ ရောဝတီ) | ရှိုင် ၂-၂ ရောဝတီ |

# ပုသိမ်ကြီးမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်၍ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်



**ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊မြို့သန့်ရှင်းသာယာလှပစေရေး မြို့အဝင်ဆိုင်းဘုတ်မှ ရန်ကင်းတောင်ခြေအထိ လမ်းမကြီး ရေဖျန်းဆေးကြောခြင်းဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၆နာရီခွဲ အဆိုပါလမ်းမကြီးပေါ်၌ ပူးပေါင်းဆောင်ရွက်ကြသည်။

မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းသီဟအောင်နှင့် ဝန်ထမ်းများမှ နေ့စဉ်သန့်ရှင်းရေး၊ မြို့အဝင်စိမ်းလန်းစိုပြည်လှပစေရေးတို့ကို ဆောင်ရွက်လျက်ရှိပြီး၊ ယနေ့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ လမ်းမကြီးများ ရေပက်ဖျန်း၍ သန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂)ဦးညွန့်ဆန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မျိုးအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းသီဟအောင်နှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနစခန်းမှူး ဗိုလ်ကျော်ဇောနှင့် တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) စာနည်းကိုကို**

## ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မှု ရာနှုန်းပြည့် ပြီးစီး

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ(၂၇)ရွာတွင် ကျေးလက်ရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ရာနှုန်းပြည့်ပြီးစီးကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက် မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာမြို့နယ်တွင် ကျေးရွာနှစ်ရွာ၊ ဝမ်းတွင်းမြို့နယ်တွင် ကျေးရွာနှစ်ရွာ၊ သာစည်မြို့နယ်တွင် ကျေးရွာသုံးရွာတို့တွင် မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာမြို့နယ်တွင် ကျေးရွာခြောက်ရွာ၊ မလှိုင်မြို့နယ်တွင် ကျေးရွာသုံးရွာ၊ သာစည်မြို့နယ်တွင် ကျေးရွာခြောက်ရွာနှင့် ဝမ်းတွင်းမြို့နယ်တွင် ကျေးရွာငါးရွာတို့တွင် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ အင်ဂျင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ ၎င်းပြီးစီးမှု အခြေအနေအား ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၄၆၉)**

## အမျိုးသမီးဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ အား/ကာသိပ္ပံကျောင်းနှင့် ဗထူးအားကစားခန်းမတွင် ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဖလား အသက် ၃၀နှစ်အောက် အမျိုးသမီးဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မတ် ၁ရက်မှ ၁၆ရက်အထိ ချမ်းမြသာစည်မြို့နယ်ရှိ အား/ကာသိပ္ပံကျောင်း ဘော်လီဘောအားကစားခန်းမတွင် ကျင်းပပြီး မတ် ၂၉ ရက်တွင် ဗထူးမိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်းနှင့် တွဲဖက်အတွင်းရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ဝေတို့ထံမှ သိရသည်။ **(အောက်ပုံ)**

အဆိုပါ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် အောင်စိုးမင်း (ASM)အသင်း၊ အောင်မြေအသင်း၊ မိုးကုတ်သူအသင်း၊ မန်းတက္ကသိုလ်အသင်း၊ ရဲစည်သူအသင်းနှင့် မန္တလာအသင်းတို့ပါဝင်ခဲ့ကြကြောင်းနှင့် ပြိုင်ပွဲပွဲစဉ်များကို မတ်လဆန်း ၁ရက်တွင် အောင်စိုးမင်း(ASM)အသင်းနှင့် အောင်မြေအသင်း၊ မိုးကုတ်သူအသင်းနှင့် မန္တလာအသင်း၊ မန်းတက္ကသိုလ်အသင်းနှင့် ရဲစည်သူ (YST)အသင်း၊မတ် ၂ရက်တွင် မိုးကုတ်သူအသင်းနှင့် မန်းတက္ကသိုလ်အသင်း၊ မန္တလာအသင်းနှင့် အောင်စိုးမင်း(ASM) အသင်း၊ အောင်မြေအသင်းနှင့် ရဲစည်သူ (YST)အသင်း၊ မတ် ၁၅ ရက်တွင် မန္တလာအသင်းနှင့်မန်းတက္ကသိုလ်အသင်း၊ အောင်မြေအသင်းနှင့် မိုးကုတ်သူအသင်း၊ အောင်စိုးမင်း(ASM) အသင်းနှင့် ရဲစည်သူ(YST)အသင်း၊ မတ် ၁၆ရက်တွင် မန်းတက္ကသိုလ်အသင်းနှင့် အောင်စိုးမင်း(ASM) အသင်း၊ရဲစည်သူ(ASM)အသင်းနှင့် မိုးကုတ်သူအသင်း၊ မန္တလာအသင်းနှင့် အောင်မြေအသင်းတို့က အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် အား/ကာသိပ္ပံ ဘော်လီဘောခန်းမတွင်လည်းကောင်း၊ မတ် ၂၉ ရက်တွင် ဗထူးခန်းမတွင် ရဲစည်သူ (YST)အသင်းနှင့် မန္တလာအသင်း၊ အောင်စိုးမင်း (ASM)အသင်းနှင့် မိုးကုတ်သူအသင်း၊ မန်းတက္ကသိုလ်အသင်းနှင့် အောင်မြေအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**





## လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်များ ပြသ

**မိုင်းခတ် ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်ပြပွဲကို ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲ ၁ နာရီက မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ပြသခဲ့သည်။

အဆိုပါ အသိပညာပေးပြပွဲတွင် အထွေထွေဗဟုသုတစာအုပ်များ၊ စာပေဗိမာန်ဆုရစာအုပ်များ၊ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်များ၊ နိုင်ငံ့ဂုဏ်ရည်နှင့် မြဝတီမဂ္ဂဇင်းများ၊ သုတအလင်းမဂ္ဂဇင်းနှင့် အားကစားဂျာနယ်များစသည့် သုတ/ရသစာအုပ်များ ပြသပြီး၊ လူကုန်ကူးမှုအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်နှင့် မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်များကို အသိပညာပေးပြသရာ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း Book Club အဖွဲ့ဝင်များနှင့် စာဖတ်၊ စာငှားပရိသတ်များက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ဌာနဆိုင်ရာများနှင့် တပ်နယ်မိသားစုများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာသော ပတ်ဝန်းကျင်ကောင်းများ ရရှိစေရန်အတွက် ဌာနဆိုင်ရာများနှင့် တပ်နယ်မိသားစုများပါဝင်သည့် စုပေါင်းသန့်ရှင်းရေးကို အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၇နာရီခွဲက စံပြရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့ပေါ်ရှိ အလှည့်ကျဌာနဆိုင်ရာ ၁၇ ခုမှ ဌာနတာဝန်ရှိသူများနှင့် ဝန်ထမ်းများ အင်အား ၁၄၂ ဦး၊ တပ်နယ်မိသားစုဝင်များ အင်အား ၁၂၀ ဦး၊ စုစုပေါင်းအင်အား ၁၆၂ ဦးဖြင့် ဆေးရုံကြီးဝင်းအတွင်း ပေါင်းမြက်များရှင်းလင်းခြင်း၊ အမှိုက်လှဲကျင်းခြင်းနှင့် သစ်ရွက်ခြောက်အမှိုက်များ မီးရှို့ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး၊ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ တပ်နယ်တာဝန်ရှိသူများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်နှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၅၆)**



## အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၂၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက် (ခ-၅)၊ ၄၂လမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြားတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ သံတောင်ရပ်ကွက်၊ ဇရာထွန်း(၁-ဆ)၊ ဇရာထွန်းလမ်းနှင့် ပျော်ဘွယ်ချောင်လမ်း၊ အောင်သိဒ္ဓိမွှာရုံရှေ့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက် နံနက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ ကြား၊ ရန်အောင်ဈေးရှေ့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## အရောင်တင်မှုန့်၊ နနွင်းမှုန့် ရောင်းချသည့်ဆိုင်များအား အဖွဲ့စုံဖြင့် ဈေးကွက်စောင့်ကြည့်စစ်ဆေး

**ရွှေဘို ဖေဖော်ဝါရီ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးအနေဖြင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးနှင့် ကုန်အညွှန်း အမှတ်အသားများ ပြည့်စုံစွာ ထည့်သွင်းဖော်ပြရေးအတွက် ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းများကို လစဉ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ရွှေဘိုခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုခရိုင်ဦးစီးမှူးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှု ဌာနခွဲတာဝန်ခံတို့သည် ရွှေဘိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ရွှေဘိုမြို့၊ စည်ပင်သာယာဈေးအတွင်းရှိ အရောင်တင် ခင်မောင်အေး ဆိုင်အား အဖွဲ့စုံဖြင့် ဈေးကွက်စောင့်ကြည့် စစ်ဆေးခဲ့သည်။



ထိုသို့ဈေးကွက်စောင့်ကြည့် စစ်ဆေးရာ၌ အရောင်တင်မှုန့်၊ နနွင်းမှုန့်နှင့် ငရုတ်သီးအကြမ်းမှုန့်များအား လုပ်သားများဖြင့် အိမ်တွင် ကြိတ်ခွဲ၍ ထုတ်လုပ်ရောင်းချခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် ခွင့်မပြုဓာတုဆိုးဆေးများနှင့် တာရှည်ခံပစ္စည်းများ ထည့်သွင်းရောနှောရောင်းချခြင်းမပြုဘဲ သဘာဝအရောင်အတိုင်းသာ ရောင်းချကြရန်၊ ဓာတုဆိုးဆေးများနှင့် တာရှည်ခံပစ္စည်းများ စားသုံးမိခြင်းကြောင့် ဖြစ်ပွားတတ်သောရောဂါများအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရှာင် ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာင်မြို့နယ်တွင် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၈ နာရီက ပြည်သူ့ဆေးရုံဝင်း အတွင်း၊ အပြင်တို့၌ ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ရှာင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်က ဦးဆောင်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

သန့်ရှင်းရေးလုပ်ငန်းများကို ပြည်သူ့ဆေးရုံ အတွင်း၊ အပြင်များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေမြောင်းများရှင်းလင်းခြင်း၊ အဆောက်အအုံများနှင့် ငြိနေသည့်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(၃၃၈)



## ခန္တီးမြို့နယ် မယ်ပုတ်ကျေးရွာအား လက်ရှိရေသုံးစွဲမှု အခြေအနေအား ကွင်းဆင်းစစ်ဆေး

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်က မယ်ပုတ်ကျေးရွာအုပ်စု၊ မယ်ပုတ်ကျေးရွာ၏ လက်ရှိ ရေသုံးစွဲမှုအခြေအနေစစ်တမ်း RWS/MIS ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခန္တီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဗိုလ်ဆန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ထက်ဥမ္မာခင်နှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ဝန်ထမ်းများက မယ်ပုတ်ကျေးရွာ၏ လက်ရှိရေသုံးစွဲမှု အခြေအနေများ RWS/MIS စစ်တမ်းကောက်ယူခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ မယ်ပုတ်ကျေးရွာအနေဖြင့် အိမ်ခြေ ၃၄ လုံး၊ အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၂၀၀ ခန့် နေထိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အပေါ်ပုံ)

(၀၄၀)

## မြစ်သားမြို့နယ်တွင် ရေဆင်း(၁၄) ကုလားပဲမျိုးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မြစ်သား ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် တောင်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် ဆောင်းကုလားပဲမျိုးများ စိုက်ပျိုးကြရာ ငါးဆူကျေးရွာအုပ်စု၊ ရွှေကြာအင်းကျေးရွာတွင် ဒီဇင်ဘာလမှ စိုက်ပျိုးထားသည့် တောင်သူ ဦးဝင်းမြင့်၏ ရေဆင်း (၁၄) ကုလားပဲမျိုးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြစ်သားမြို့နယ်တွင် ဒေသနှင့်ကိုက်ညီသည့် ဆောင်းကုလားပဲမျိုးများ စိုက်ပျိုးမည်ဆိုပါက ဒေသ ရေ၊ မြေနှင့်ကိုက်ညီသည့် ရေဆင်း(၁၄) ကုလားပဲမျိုးများကို စနစ်တကျ အပင်အကွာအဝေး သင့်တော်သည့်အနေအထား အစိုဓာတ်ရှိချိန်တွင် စိုက်ပျိုးရကြောင်း သိရသည်။ ကုလားပဲစိုက်ပျိုးရာတွင် မျိုးစေ့၊ ထွန်ရှင်းခနှင့် ဆေးဖိုး အပါအဝင် ငွေကျပ်သုံးသိန်းကျော် ကုန်ကျပြီး ယခင်နှစ် စိုက်ပျိုးချိန်က တစ်ဧက ၁၉ တင်းနီးပါး ထွက်ရှိခဲ့ပြီး ဝယ်ယူသည့် ဈေးနှုန်း အသင့်သင့်ရရှိခဲ့၍ ယခုနှစ်တွင်လည်း ကုလားပဲစိုက်ခင်းများသည် အပွင့်၊ အသီးများ သိသိသာသာ ကောင်းမွန်၍ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိရန် တောင်သူများ မျှော်လင့်လျက်ရှိကြောင်း ဦးဝင်းမြင့်၏ ပြောကြားချက်အရ သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း (၈၂)အုပ်စုရှိ၍ ဒေသ ရေ၊ မြေ သဘာဝထွက်ရှိမှု၊ ဝယ်ယူမှု စားသုံးမှုနှင့်ကိုက်ညီသော အထွက်ကောင်း ရေဆင်း(၁၄)ကုလားပဲမျိုး များကို ဒေသခံတောင်သူများက ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)


ဝါဝါမြင့်(မြစ်သား)



## ဝတ္ထုတိုကဏ္ဍ

# မောင်စဥ

### သန်းစိုးအောင်



လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော်က မြန်မာနိုင်ငံ အောက်အကြေဒေသ ဇီးဖြူပင်ရွာမှာ လယ်သမားကြီး ဦးစံနှင့် ဇနီး ဒေါ်မယ်မြတို့ နေထိုင်ကြသည်။ လယ်သမားကြီး ဦးစံမှာ အသက် ၆၀ ကျော်သည့်တိုင် ကျန်းမာရေးကောင်းဆဲ၊ သန်တုန်းမြန်တုန်း ရှိသေးသည်။ မိုးအခါ မိမိပိုင် လယ်ငါးဧကကို ကိုယ်တိုင် ထွန်နိုင်သည်။ ဆောင်းအခါ စပါးဒိုင်သို့ ကိုယ်တိုင် လှည်းမောင်း၍ စပါးရောင်းသည်။ လှည်းအငှားလိုက်သည်။ နွေအခါ လူငယ်များနှင့်ယှဉ်၍ ရွာ၏အရှေ့ဘက် ၁၅ မိုင်ခန့်ဝေးသော ပဲခူးရိုးမတောင်ပေါ်တက်၍ ထင်းတိုက်၊ ဝါးတိုက်လုပ်နိုင်သေးသည်။

သူတို့ ဇနီးမောင်နှံမှာ သားသမီးမထွန်းကားချေ။ ဦးစံ၏အရည်အချင်းမှာ ခိုင်းနွားကောင်း မွေးမြူခြင်းဖြစ်သည်။ ဦးစံသည် အရွယ်ကောင်းစဉ်ကပင် လယ်ယာလုပ်ငန်းအတွက် အထောက်အကူရရန်နှင့် စားဝတ်နေရေး အထောက်အကူပြုရန်အတွက် နွားမတစ်ကောင်ကို မြို့ပေါ် နွားပွဲဈေးမှ ဝယ်ယူမွေးခဲ့သည်။ မွေးကာစ ပိန်ကပ်ကပ်၊ နံရိုးကျဲကျဲနှင့် နွားမမှာ ဦးစံ၏ အပြုအစုကောင်းမှုကြောင့် စိုစိုပြည်ပြည်နှင့် ဝဖြိုးလာသည်။မစိုပြည်ဘဲ နေနိုင်ရိုးလား။ ဦးစံက သူမွေးသော နွားမကို သူ၏ ခိုင်းနွားတစ်ရှဉ်းကဲ့သို့ ကောက်ရိုးအပြင် မြက်ရိတ်ကျွေးသည်။ လွှတ်ကျောင်းသည်။ သားကျချိန် နွားကလေးနို့စို့ချိန်တွင် ဖွဲနုရည်၊ နှမ်းဖတ်ရည်တို့ကို တိုက်ကျွေးသည်။

'ကိုယ်စိုက်ပျိုးတာ ကိုယ်ရိတ်သိမ်းရ' ဆိုသကဲ့သို့ ထိုနွားမမှ နွားမျိုးကောင်းကလေးများ ပေါက်ပွားခဲ့ရာ ဦးစံသည် နွားညီနောင်တစ်ရှဉ်းရရန် မွေးမြူမည်ဟု ဆုံးဖြတ်ခဲ့သည်။ သို့သော် ဦးစံ၏ အရောင်အသွေးကောင်း၊ ဗွေကောင်းသော နွားကလေးတို့မှာ သုံးနှစ်သားခန့်အရွယ်ရောက်ပြီဆိုလျှင် ရွာနီးချုပ်စပ်မှ သတင်းကြားသော ငွေရှင်၊ ကြေးရှင်တောင်သူကြီးများက ဈေးကောင်းပေး၍ ဝယ်ယူလေ့ရှိသည်။ လောဘသား ဦးစံမှာလည်း တောင့်မခံနိုင်ဘဲ နောက်တစ်သားမျှော်ရပြန်သည်။ ဦးစံ၏ နွားညီနောင်ခိုင်းနွားတစ်ရှဉ်းရရေး စီမံချက်မှာ အလှမ်းဝေးနေဆဲပါ။

ရာသီတွေ အလီလီပြောင်းခဲ့ပြီ။ အရွယ်ရလာသော ဦးစံမှာလည်း ဦးစံမှ ဘစံဖြစ်ခဲ့ပြီ။ မိမိပိုင် လယ်ကလေးကို ကိုယ်တိုင်မလုပ်နိုင်တော့။ ယမန်နှစ်မှစ၍ မျက်စိတစ်လုံး တိမ်စွဲ၍ မျက်စိဆရာဝန်ထံ ပြသကုသခဲ့ရသည်။ ထို့ကြောင့် ရွာလယ်ပိုင်းမှ ဆွေမျိုးမကင်းသည့် တူသားအရွယ် ငမိုးကို တစ်ဧကလုပ်ခ စပါးရှစ်တောင်းနှင့် ငှားရမ်းလုပ်ကိုင်ရသည်။

ထိုအချိန်၌ အသက်ကြီး၍ သားမွေးကျဲလာသော နွားမကြီးမှ နွားထီးကလေးတစ်ကောင် မွေးဖွားလာသည်။ သားကန်းပြီဟု ထင်ရသည့် နွားမမှ သားမွေးသဖြင့် ဘစံမှာ ပျော်၍မဆုံး။ သည်နွားကလေးက နွားကြန်အင်လက္ခဏာတို့နှင့် ပြည့်စုံသည်ဟု ဆိုရပေမည်။ ကြည့်လေ။ သည်နွားကလေး၏ ခြေလက်နှင့် ဝမ်းဗိုက်တို့က အဖြူဖျော့ဖျော့ရောင်၊ ကိုယ်လုံးက အပြာခြောက်၊ မျက်နှာအရောင်က အဖြူဖျော့ဖျော့တွင် အညိုနှင့် အပြာနုရောသော မွေးညင်းကလေးများနှင့် လွှမ်းခြုံထားသည်။ ထို့ပြင် ထိပ်လယ်တွင် ကြာနှင့် လည်ပင်းတွင် ဗွေကလေးပါသေးသည်။ 'ဧကန္တ သခင်ကို ကောင်းကျိုးပေးမဲ့ နွားမျိုးကောင်းကလေးပဲ' ဘစံက သည်သို့တွေးပြီး၊ နွားကလေးကို မောင်စဥ(မောင်စာဥ) ဟု နာမည်ပေးလိုက်သည်။

ဘစံက မောင်စဥကို ကောင်းစွာကျွေးမွေးစောင့်ရှောက်သည်။ သုံးနှစ်သားအရွယ်၌ မောင်စဥမှာ ခိုင်းနွားကြီးတစ်ကောင်ပမာ အားအင်တို့ကို ပိုင်ဆိုင်ခဲ့လေပြီ။ 'ကဲ . . ဖေ့သား မောင်စဥ မင်းကို ထမ်းပိုးကျင့်တော့မယ်။ ဒီအချိန်ကစပြီး အဖေတို့ကို ကျေးဇူးဆပ်ဖို့ ပြင်ပေတော့' ဟုဆိုလျက် ဘစံက မောင်စဥကို ထမ်းပိုးကျင့်လေသည်။

မောင်စဥသည် အစပထမတွင် ထမ်းပိုးကို မထမ်းချင်။ ရုန်းကန်ဖို့ကြိုးစားသော်လည်း နောင်တွင် ဘစံ၏ အကိုင်အတွယ်ကောင်းမှုကြောင့် နှစ်ပတ်အတွင်း ထမ်းပိုးကို ကောင်းစွာထမ်းလေပြီ။ ထိုနှစ်က နောက်မိုးညံ့သဖြင့် စပါးအထွက်နည်းသည်။ သူရင်းငှားခပေးပြီး ဝမ်းစာပင် အနိုင်နိုင်၊ ခိုင်းလျှင် ကမူးရှူးထိုးနှင့် သန္ဓေညံ့သော အလိုက်နွားကို ရောင်း၍ ဝမ်းစာထည့်ရသည်။ ရောင်းလိုက်သော အလိုက်နွားနေရာတွင် မောင်စဥကို ခိုင်းနိုင်ပြီ။ နောက်တွင် မောင်စဥမှာ အတိုင်၊ အလိုက်၊ ဘက်စုံ သုံးနိုင်သော နွားတစ်ကောင်ဖြစ်ခဲ့လေပြီ။

'ဘစံ . . ကျွန်တော်တို့ကို နွားမျိုးကောင်းရအောင် ဘယ်လိုမွေးရမလဲ ဆိုတာ ပြောပြပါလား'

တစ်နေ့သော ညနေခင်း ရွာထိပ်စားကျက်ကွင်းပြင်အနီးရှိ ညောင်ပင်ရင်းတွင် ထိုင်၍ နွားလွှတ်ကျောင်းနေသော ဘစံအနီးသို့ ကျွန်တော်တို့ လူငယ်တစ်စု ချဉ်းကပ်ကာ နွားကောင်းတစ်ကောင်၏ ကြန်အင်လက္ခဏာတို့ကို မေးလေသည်။ ထိုအခါ ဘစံက မွေးအပ်သော နွား၏ ကြန်အင်လက္ခဏာတွေကို နောင်းလူတွေ သိစေဖို့ အောက်ပါစာချိုးကလေးများနှင့် လက်ဆင့်ကမ်းလေသည်။

၁။ ထိပ်လယ်ကြာနေ၊ လည်ပင်းဗွေ၊ ရှိလေ နွားမြတ်မှတ်တဲ့။

ထိပ်အလယ်မှာ ကြာပွင့်ကဲ့သို့ ဗွေရှိတဲ့ နွား၊ လည်ပင်းမှာ ဗွေပါတဲ့ နွား အဲဒီနွားမျိုးကို မွေးမြူအပ်တယ်။ နွားကောင်း၊ နွားမြတ် မှတ်လေဟု ဘစံက ဆိုပါသည်။

၂။ ခွာမူရှည်လတ်၊ မွေးမြူအပ်တဲ့

ခွာရှည်တဲ့ နွားကလည်း မွေးမြူအပ်တဲ့ စာရင်းထဲမှာပါတယ်။

၃။ ကျောက်ကုန်း၌ဗွေ၊ မြီးရင်းဗွေ၊ ရှိလေတုံလတ်၊ မွေးမြူအပ်တဲ့။

ကျောက်ကုန်းရဲ့အလယ်မှာ ဗွေပါတဲ့ နွား၊ အမြီးရင်းမှာ ဗွေပါတဲ့နွား၊ ထိုနွားမျိုးကိုလည်း မွေးမြူအပ်တယ်။ နောက်တစ်ချက်က-

၄။ မျက်စိ၊ မျက်နှာ၊ တင့်တယ်စွာ၊ နားမှာတိုလတ်၊ မွေးမြူအပ်တဲ့။

မျက်စိ၊ မျက်နှာ၊ တင့်တယ်တဲ့ နွား၊ နားရွက်မတိုမရှည်ရှိတဲ့ နွား၊ အဲဒီနွားမျိုးကိုလည်း မွေးမြူအပ်တယ်။ မွေးသောသခင်ကို ကောင်းစားစေတတ်ကြောင်း တစ်သက်တာ မှတ်ရမယ်လို့ ရှေးသူဟောင်းတို့ အမှတ်အသားရှိတယ်ကွဲ့။

မိုးနှောင်းကာလ၊ မိုးဖွဲကလေး ကျစ နွားများကလည်း ငြိမ်သက်စွာ မြက်စားနေကြသည်။ သည်တွင် လူငယ်ထဲမှ-

**ဖိုးဖြူ။** ။'ဘစံ နွားရဲ့အရောင်ကို ကြည့်ပြီး နွားကောင်းဟုတ်၊ မဟုတ် ခွဲနိုင်သလား'တဲ့။

**ဘစံ။** ။ခွဲနိုင်တာပေါ့။ နွားအမွေးက ခြေလက်နဲ့ ဝမ်းဗိုက်မှာ ဖြူဖျော့ဖျော့၊ ကျောက်ကုန်းမှာ အပြာခြောက်၊ ဒါမှမဟုတ် အပြာနုနုကလေး ရောယှက်ရင် (စဥ)တဲ့။ ဒါ့အပြင် 'နွားညိုသံရောင် တုတ်မဆောင်' စာဆိုကို ထောက်ဆပြီး သံယောင်ထနေသော နွားညိုများကလည်း နွားကောင်းစာရင်းထဲမှာပါတယ်။ တစ်ခါ-

'ဇော်နီ ကွမ်းသွေး၊ သေအောင်ပြေး'တဲ့။ ဇော်နီရောင်၊ ကွမ်းသွေးရောင်ရှိတဲ့ နွားတွေက အပြေးသန်တယ်လို့ တို့ဘိုးဘွားတွေက မှတ်ခဲ့ပြန်တယ်။

နောက်တစ်ချက်က 'ချိုတယ်လူး၊ အိမ်ဦးမှာတည်'တဲ့။ အဓိပ္ပာယ်က တယ်လူး ဦးချိုရှိတဲ့ နွားများက သခင်ရဲ့ ကောင်းကျိုးချမ်းသာကို ဆောင်ပါသတဲ့။

ထိုစဉ် ဘစံက မီးသေနေသော သူ၏ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို နတ်သမီးယမ်းမီးခြစ်နှင့် မီးညှိလေသည်။ တစ်ဖွာ၊ နှစ်ဖွာ ဖွာရှိုက်ပြီးမှ သူ့စကားကို ဆက်လေသည်။ 'ဒါ့ပြင် နွားကောင်းလက္ခဏာနဲ့ပတ်သက်ပြီး အကျဉ်းမှတ်ရမယ့် စာဆိုကလေးရှိသေးတယ်'။

'ဆိုပါဦး ဘစံ'ဟု ငကြာက ဝင်ထောက်သည်။ မိုးဖွဲဖွဲကလေးမှာ ဘစံ၏ နွားတရားကလည်း နားလို့ကောင်းသည်။

'ဒါက တခြားဟုတ်ရိုးလား။ ကျယ်သုံးကျယ်၊ သွယ်သုံးသွယ်'တဲ့။ ကျယ်သုံးကျယ်ဆိုတာက နဖူးကျယ်၊ ရင်ဘတ်ကျယ်၊ ခြစ်ခုံကျယ်၊ ခြစ်ခုံဆိုတာ တင်ပါးကို ပြောတာ။ သွယ်သုံးသွယ် ဆိုတာက မေးဖျားသွယ်၊ အမြီးသွယ်၊ ခွာအိုးသွယ်ရမယ်တဲ့။

ထိုစဉ် မိုးမှောင်ကျလာသဖြင့် ဘစံအပါအဝင် ကျွန်တော်တို့ လူငယ်များ လူစုခွဲကာ နွားများကို အိမ်သို့ ပြန်လည်မောင်းကြလေသည်။

နွေဦးရာသီ တပေါင်းလ နံနက်ခင်း နှင်းကလေးနဲ့ အေးမြမြ။ ရှုမဆုံးသည့် ဝန်းကျင်တခို မတ်ပဲခင်း စိမ်းစိမ်းတွေက ရှုမဝ။ သည်အချိန်၊ သည်ရာသီတွင် ဇီးဖြူပင်ရွာသားတို့က ရွာအရှေ့ မိုင် ၂၀ ခန့် ဝေးသော ပဲခူးရိုးမပေါ်သို့ ထင်း၊ ဝါးအလို့ငှာ တောတက်ကြသည်။ တစ်နေ့ ငမိုးက 'ဘစံ၊ ကျွန်တော်၊ ကိုကြာ၊ ကိုကုလားတို့နဲ့ တောတစ်ခေါက် လိုက်ချင်လို့။ ဘစံကို ခွင့်တောင်းတာ'ဟု ဆိုလာသည်။

လယ်ရှင်နှင့် သူရင်းငှားမှာ အလိုက်ကောင်း၊ ခေါင်းလောင်းနှင့် ခလောက်၊ လယ်ရှင်က လှည်းစိုက်၊ နွားစိုက်၊ သူရင်းငှားက လုပ်အားစိုက်၊ ပါလာတဲ့ ပစ္စည်း သူရင်းငှားက သုံးပုံတစ်ပုံရသည်။

'အေး . . သစ်မတိုက်နဲ့၊ အိမ်မိုးခြင်တင်လုပ်ဖို့ ဝါးကောင်းကောင်းတိုက်ခဲ့။'

'ဟုတ်ကဲ့ ဘစံ'

သွားမယ့်နေ့ ကြိုပြော။ မင်းရဲ့ အသွားမယ်မြက ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ဖုတ် ထည့်ပေးလိမ့်မယ်။ ဆန်လည်း လိုလိုမယ်မယ် နှစ်ရက်စာ ထည့်သွား'။

'ဟုတ်ကဲ့'

သွားတုန်းကတော့ သုံးဦးစလုံးက အိမ်မိုးခြင်တင်အတွက် ဝါးတိုက်ဖို့ တောထဲ တောင်ပေါ်ရောက်ခါမှ ကိုကြာနှင့် ကိုကုလားတို့က စိတ်ပြောင်းသွားသည်။

'ငမိုးရေ ဟိုလျှိုထဲက ပျဉ်းမပင်ကြီး မြင်တယ်မဟုတ်လား။ ပျဉ်းမက လည်ဆံအတွက် ကောင်းတယ်လေ။ ငါတို့နှစ်ယောက် ဝါးမတိုက်ဘဲ အဲဒီ ပျဉ်းမပင်ကြီးလှဲပြီး တိုက်တော့မယ်'

ကိုကြာ၏ စကားကို ငမိုးသဘောပေါက်သည်။ ပျဉ်းမကို အသားခွဲပြီး 'လှည်းထောင်'တွေထံမှာ ရောင်းလျှင် ဈေးကောင်းရမည်။ သူတို့နှစ်ဦးက သစ်ကောင်းတွေ့တုန်း တိုက်လိုသည်။ ကိုကြာနှင့် ကိုကုလားတို့ မက်မည်ဆိုကလည်း မက်လောက်စရာ။ပျဉ်းမပင်ကြီး ပင်စည်က ဖြောင့်စင်းနေသည်။

'ကျွန်တော်ကတော့ ဝါးပဲတင်ပါ့မယ်'ဟု ငမိုးက ဆိုသည်။ တောထဲရှိ ကရင်လူမျိုးများ နေထိုင်သည့်ရွာတွင် တစ်ညအိပ်ပြီးနောက် နောက်တစ်နေ့ နံနက်စောစော ကိုကြာနှင့် ကိုကုလားတို့က ပျဉ်းမပင်ကို ခုတ်လှဲရန် လျှိုထဲဆင်းသွားသည်။ ငမိုးကမူ တောင်ပေါ်ရှိ ဝါးရုံများမှ အိမ်မိုးခြင်တင်အတွက် ဝါးကောင်းကိုရွေး၍ လှည်းပေါ်တင်သည်။ ကိုကြာနှင့်ကိုကုလားလည်း ပျဉ်းမပင်ကြီးကို ခုတ်လှဲဖြတ်တောက်ပြီး၍ နွားနှင့် စွတ်ရန် ပြင်ဆင်ကြသည်။ **(ဆက်လက်ဖော်ပြပါမည်)**

## အငြိမ်းစားဝန်ထမ်းများအား ချိုသာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ရောင်းချပေး

**ကံမ ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက အငြိမ်းစားဝန်ထမ်းများအတွက် ပြည့်ဆီအရောင်းဆိုင်က စားအုန်းဆီများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့မှ တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ စားအုန်းဆီများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချရာတွင် အငြိမ်းစားဝန်ထမ်းတစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သား(ဆီဘူးခွံအပါ)အား ငွေကျပ် ၄၄၅၀ ဖြင့် ဆီပိဿာချိန် ၄၀၀အား ရောင်းချပေးခဲ့ကြောင်း စားသုံးသူရေးရာ ဦးစီးဌာနမှ သိရသည်။ **(အောက်ပုံ)**

**စော်ဝမ်းထွန်း(အောင်လံ)**





## တို့ကမ္ဘာမြေသာယာဖို့ အမှိုက်စနစ်တကျ စွန့်ပစ်စို့ လက်ကမ်းစာစောင်များဖြန့်ဝေ

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၃**

စည်ပင်သာယာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့မှ ခရီးသွားပြည်သူများ အမှိုက်များအား လမ်းပေါ်တွင် မစွန့်ပစ်ဘဲ စနစ်တကျ အမှိုက်ပုံး၊ အမှိုက်ကန်များရှိသည့် နေရာများတွင်သာ စွန့်ပစ်ကြရန် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းက မန္တလေး-ပြင်ဦးလွင်ကားလမ်း၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်ချောကျေးရွာရှိ ၁၆မိုင် O.H.C တိုးဂိတ်တွင် ဆောင်ရွက်ရာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများ တက်ရောက်၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**စာနည်းကိုကို**

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ရာပြည့်ကိုကြို မန်းတက္ကသိုလ်

- - - - - - - - - - - -

* ရာပြည့်နှစ်မှာ
ချစ်မေတ္တာတွေ
မျှဝေနေတဲ့
မေမေတက္ကသိုလ်
မန်းတက္ကသိုလ်။

* အမေ မအို
နုပျိုနေဆဲ
တောက်ပဆဲမို့
အားခဲပါလို့
သားတို့တစ်တွေ
အားပါးတရ
ပျော်ကြမယ် အမေ။

* ဆံဖြူသွားကြွေ
ပါးရေနားရေ
တွန့်နေပေမဲ့
နို့ရဲ့ရင်မှာ
ပျော်စရာဆန္ဒ
လျှံကျနေလို့
ရွှင်ပြ ပျော်ကြ
တွေ့ကြမယ်လေ
သူငယ်ချင်းတို့ရေ။

* ရာပြည့်ပွဲမို့
နွဲကြ ပျော်ကြ
ဆုံတွေ့ကြပါစို့။ ။

**ကိုကိုပံသု(၇၅-ဘူမိ)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေးကြည့်ရှု

**မြစ်သား ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ၊ မြစ်သားမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (မြစ်သား-စံပါယ်တောလမ်း)ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်း တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇေယျာဝင်း၊ ကျောက်ဆည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဒေါ်စန်းစန်းဝါ၊ မြို့နယ်တာဝန်ခံ ဒေါ်ခွာညိုဇင် အဖွဲ့နှင့် ကုမ္ပဏီမှတာဝန်ရှိသူများက(မြစ်သား-စံပါယ်တောလမ်း) ကတ္တရာလမ်း(၀/၃)မိုင်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့သည်။ (မြစ်သား-စပါယ်တောလမ်း) ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းတွင် လမ်းအရှည်(၀/၃)မိုင်၊အကျယ်(၁၆)ပေ အမြင့် (၉)လက်မရှိ ကတ္တရာလမ်းကျောက်ချောခင်းခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၁၁၇ ဒသမ ၁၅ သန်းဖြင့် နေဝန်းလ်ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာခိုင်နှုန်းအပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်း(၀/၃)မိုင်ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ အနီးအနားရှိ ကျေးရွာ(၈)ရွာမှ အိမ်ခြေ ၃၇၉၈အိမ်၊ လူဦးရေ ၁၈၆၃၁ ဦးတို့ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေခဲ့ကြောင်း မြစ်သားမြို့နယ် မြို့နယ်တာဝန်ခံထံမှ သိရသည်။

**(အပေါ်ဝဲပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



## အနယ်နယ်အရပ်ရပ်မှ ပန်းချီဆရာ ၁၀၀ ကျော် ဝန်းရံအားဖြည့်လျက် ALL FOR ONE AND ONE FOR ALL အမည်ဖြင့် ပန်းချီပြပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် ၅၇လမ်း၊ ၁၀၃လမ်းနှင့်၁၀၄လမ်းကြားရှိ COLLECTOR'S SOUL ART GALLERY ပန်းချီပြခန်း၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉နာရီက အဆိုပါ ပန်းချီအနုပညာပြခန်း (၂)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ALL FOR ONE AND ONE FOR ALL အမည်ဖြင့် မန္တလေး၊ ရန်ကုန်မြို့ အနယ်နယ်အရပ်ရပ်မှ ပန်းချီဆရာ ၁၀၀ ကျော်တို့ စုပေါင်းလက်ရာပန်းချီပြပွဲကို ဖွင့်လှစ်ပြသသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာ ၁၀၀ ကျော်၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်လက်ရာ ပန်းချီကားချပ်ပေါင်း ၁၃၄ ကားအား ပြသထားရှိပြီး ပြပွဲကာလအတွင်း ပန်းချီအကြောင်းစကားဝိုင်း၊ STILL LIFE လက်တွေ့ရေးဆွဲမှု၊ LUCKY DRAW ကံစမ်းမဲအစီအစဉ်များပါရှိလျက် ပြပွဲအား ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅နာရီထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ ပန်းချီအနုပညာချစ်မြတ်နိုးသူများ လာရောက်ခံစားကြည့်ရှုနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၀၇၀)**



## သတင်းပဒေသာ

### ပရိယတ္တိသဒ္ဓမ္မပါလစာပွဲတော်တွင် အောင်မြင်ခဲ့သော ရှင်သာမဏေများအား ဆုချီးမြှင့်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်တွင် ၁၃၈၅ ခုနှစ် (၃၂)ကြိမ်မြောက်၊ ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာပွဲတော်တွင် အောင်မြင်ခဲ့သော ရှင်သာမဏေ ၅၀၄ ပါးအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ဟံသာမုနိဘုရားကြီးကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ယင်းဆုနှင်းသဘင်ချီးမြှင့်ပွဲအခမ်းအနားကို မိုင်းရှူးမြို့နယ်သံဃနာယကအဖွဲ့နှင့် မြို့နယ်သံဃာ့ဝန်ဆောင်ဆရာတော်များဦးဆောင်၍ ရပ်နီးရပ်ဝေး ဒါယကာ၊ ဒါယိကာမတို့ စုပေါင်းပါဝင်လှူဒါန်းမှုဖြင့် ၁၃၈၆ ခုနှစ်၊ (၃၃)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မပါလစာပွဲတော် ကျင်းပခဲ့ရာ ယခင်နှစ်(၁၃၈၅ ခုနှစ်) (၃၂)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မပါလစာပွဲတော်တွင် အောင်မြင်ခဲ့သော ရှင်သာမဏေအခြေပြု(မူကြို-၁၀၁ ပါး၊ ပထမနှစ်-၁၈၈ ပါး၊ ဒုတိယနှစ်-၁၄၇ ပါး၊ တတိယနှစ်-၆၈ပါး)၊ စုစုပေါင်း ရှင်သာမဏေ ၅၀၄ ပါးအား တာဝန်ရှိဆရာတော်က ဆုများချီးမြှင့်ခဲ့ပြီး ကောင်းမှုကုသိုလ်အစုစုအတွက် ရေစက်ချတရားနာယူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပင်စင်လစာငွေကို မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ပေးလျက်ရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာငွေကို မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ပေးနေလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းမှ စတင်၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများက လာရောက်ထုတ်ယူနေလျက်ရှိသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာငွေများ အဆင်ပြေစွာထုတ်ယူနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းများက စနစ်တကျ စီစဉ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုရန်ပုံငွေမှ ၄ ရက်မြောက် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့တော်ခန်းမ၌ ဆက်လက်ပြုလုပ်ခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လူဦးရေ ၁၁၄ ဦးအတွက် ငွေကျပ် ၂,၂၈၀,၀၀၀ ပေးအပ်ခဲ့ကြောင်း၊ ကသာမြို့တွင် ယာယီနေရပ်စွန့်ခွာပြည်သူ စုစုပေါင်း ၃၁၀၀ ဦးကျော်ရှိပြီး ယနေ့တွင် ၁၁၄ ဦးအတွက် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မီးငြိမ်းသတ်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ မီးသတ်ဦးစီးဌာနအနေဖြင့် မီးလောင်မှုဖြစ်ပွားပါက ထိရောက်မြန်ဆန်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းကို ကျွန်းရွှေဝါရပ်ကွက်၌ ယမန်နေ့ နံနက် ၁၀ နာရီက ပြုလုပ်သည်။

ထိုသို့လေ့ကျင့်ရာ မီးငြိမ်းသတ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများအား ပြင်ဆင်တပ်ဆင် အသုံးပြုခြင်းနှင့် မီးငြိမ်းသတ်ရာတွင် စွမ်းဆောင်ရည်မြင့်မားစေရေး လေ့ကျင့်ခြင်းကိုလည်းကောင်း၊ ရေစုပ်စက်မှ ရေပို့ယာဉ်သို့ ရေပို့ဆောင်မှုအခြေအနေကိုလည်းကောင်း၊ ရေပန်းပိုက်အားအသုံးပြုရာတွင် ပေအပိုင်းအခြားအလိုက် ရေထွက်နှုန်းနှင့် ရေရောက်ရှိမှုအကွာအဝေးကိုလည်းကောင်း စမ်းသပ်လေ့ကျင့်ကြပြီး အဆိုပါရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ ပူးပေါင်းပါဝင်လေ့ကျင့်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မဟာမုနိဘုရားကြီးချိတ်ဆွဲရန်ရွှေထည်ပစ္စည်းများနှင့် ဘက်စုံပြုပြင်ရန်ငွေများ လှူဒါန်း



**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးမြို့မဟာမုနိရပ်ရှင်တော်မြတ်ကြီးဘက်စုံပြုပြင်ရန်၊ ရွှေသင်္ကန်းကပ်လှူရန်၊ လျှပ်စစ်မီးပူဇော်ရန်ငွေများနှင့် ချိတ်ဆွဲရန် ရွှေထည်ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိသည်။ ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းက နေပြည်တော်နေဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး မိသားစုကဘက်စုံပြုပြင်ရန် ငွေကျပ် ၁ သိန်း၊ ရန်ကုန်မြို့နေ ဒေါ်နွယ်နွယ်မိသားစုက ရွှေသင်္ကန်းကပ်လှူရန်နှင့် လျှပ်စစ်မီးပူဇော်ရန်ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ မင်းကင်းမြို့နယ်၊ ကြွေရွာနေ ဒေါ်စန်းမြမိသားစုမှ မဟာမုနိဘုရားအားချိတ်ဆွဲရန် အလေးချိန် ၁ပဲ ၆ ရွေးရှိ ကျောက်ဖြူ ၁၈ ပွင့်ပါ ရွှေနားကပ်တစ်ရံတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင် စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 08730206100449101 နှင့် UAB ဘဏ် ငွေစာရင်းအမှတ် 01 7130 1000 12259 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 01 70 12 1000 00750 နှင့် ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ဝန်ထမ်းမိသားစုများ ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြု

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင်နေထိုင်သည့် ဝန်ထမ်းမိသားစုများမှစုပေါင်း၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၁၉)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးကြင်းခြစ်ချက်၊ ပဲစိမ်းနပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင်ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်၂၅၀ ကျော်တို့အား နံနက် ၅နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန်ပင့်ဖိတ်ထားကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**



## မိဘမဲ့ကလေးငယ် ၂၀၀ကျော်တို့အား နေ့လယ်စာအာဟာရဒါန လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်း၊ ရဲဘော်ကွက်သစ်ရပ်ရှိ လူမှုဝန်ထမ်း ဦးစီးဌာန(ဒုတိယအဆင့်) အသိအမှတ်ပြု ပြည်လုံးချမ်းသာတိုင်းရင်းသားမိဘမဲ့ကလေးများစောင့်ရှောက်ရေး ပရဟိတဂေဟာကျောင်းတိုက်ရှိ မိဘမဲ့ကလေးငယ် ၂၀၀ ကျော်တို့အား အလှူရှင်မဆုမြတ်နိုးနှင့် သူငယ်ချင်းများအဖွဲ့(ဆေးဘက်ဆိုင်ရာတက္ကသိုလ်၊ ပုသိမ်ကြီး) က နေ့လယ်စာအာဟာရဒါန ထမင်းဟင်းတစ်နပ်စာကျွေးမွေးလှူဒါန်းခြင်းနှင့် ကျောင်းတိုက်ရှိ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း ကောင်းမှုအလှူတော်ကို ယမန်နေ့က အဆိုပါကျောင်းတိုက်၌ ကျင်းပရာကျောင်းတိုက်ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလ (ဓမ္မာစရိယ B.A)ဆရာတော်က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားဟောကြားချီးမြှင့်တော်မူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါကျောင်းတိုက်ရှိ တိုင်းရင်းသားမိဘမဲ့ကလေးငယ်များ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားဘက်စုံ အလှူငွေများ၊ ထာဝရငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလိုပါက ဦးစီးပဓာနနာယကဆရာတော် ဖုန်း ၀၉-၂၁၁၀၅၂၈၊ ၀၉-၇၈၅၇၄၈၁၁၄၊ ၀၉-၇၇၂၈၃၂၄၅၆ တို့သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၁)**

## ဖြူဟွိုစိုရ်လူမှုကူညီရေးအသင်းသို့ ကျောက်ကပ်ဆေးစက်လှူဒါန်း ကျန်းမာရေးငွေပဒေသာပင် စိုက်ထူ

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြားရှိ ဖြူဟွိုစိုရ်လူမှုကူညီရေးအသင်းကျန်းမာရေး၊ သဘာဝဘေး၊ လူမှုကူညီရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စေတနာရှင်များက ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၂၂ရက်က မန္တလေးမြို့နေ ဒေါ်အုန်းငွေအား ရည်စူး၍ ဦးဝမောင်မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀၀၀ တန်ဖိုးရှိ Nikkiso(Japan) ကျောက်ကပ်သွေးသန့်စင်စက်တစ်လုံးကိုလည်းကောင်း၊ မန္တလေးမြို့နေ မသူသူဇော်က မွေးနေ့အထိမ်းအမှတ် ကျန်းမာရေးငွေပဒေသာပင်ငွေကျပ် ၁၀ သိန်းတို့ကို လာရောက်လှူဒါန်းရာ ဖြူဟွိုစိုရ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာငြိမ်းငြိမ်း၊ အတွင်းရေးမှူး ဦးမောင်မောင်တာနှင့် အမှုဆောင်များက လက်ခံရယူကြပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့သည်။

ဖြူဟွိုစိုရ်လူမှုကူညီရေးအသင်းသို့ မိမိကိုယ်တိုင်(သို့)ကိုယ်စားလှူဒါန်းလိုပါက မြန်မာစီးပွားရေးဘဏ်ငွေစာရင်းအမှတ် SF-001683၊ KBZ ဘဏ် 04130404101481201 သို့လည်းကောင်း၊ ဖုန်း ၀၂-၂၈၄၄၃၅၀၊ ၀၉-၂၅၉၃၆၀၀၁၁၊ ၀၉-၂၅၉၃၆၀၀၂၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)(ဝ၄၅)**



# သတိပြုဖွယ်သတင်းနယ်ပယ်(၁၈)

**နိုင်ဗလ**

" သတင်းစာပညာဟူသည် အများပြည်သူကို ဝန်ဆောင်မှုပေးခြင်းဖြစ်သည်။ Journalism is a public service. "ဟု သတင်းစာဆရာတိုင်း ယုံကြည်ကြသည်။ ထို့ကြောင့် သတင်းစာများသည် အများပြည်သူအကျိုးငှာ ကောင်းသောဝန်ဆောင်မှုပေးရမည့် တာဝန်ရှိသည်ဟုလည်း သတင်းစာဆရာများ၏ နှလုံးသားအတွင်း၌သာမက ဦးနှောက်ထဲမှ အသွေးအသားထဲမှပါ ယုံကြည်ကြသည်ဟု ဆိုရပေမည်။

၁၉၉၀ နောက်ပိုင်းကာလများတွင် အမေရိကန်၌ သတင်းစာလုပ်ငန်းများ အကျဘက်သို့ ရောက်သည့်ကာလ ဖြစ်ခဲ့သည်။ ထိုကာလတွင် သတင်းစာစက္ကူဈေးများလည်း ထိုးတက်ခဲ့သည်။ ဂရပ်ဖစ်ဒီဇိုင်းများ ရောင်စုံများဖြင့်ဆွဲဆောင်၍ စောင်ရေတက်အောင်ကြိုးစားခဲ့ကြသည်။ သို့သော် စောင်ရေကျမြဲကျခဲ့သည်ဟုဆိုသည်။ အဓိက ပြဿနာမှာ အင်တာနက်ဝက်ဘ်ဆိုက်များ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အင်တာနက်ဝက်ဘ်ဆိုက်များကြောင့် ကြော်ငြာများသည် အင်တာနက်ဝက်ဆိုက်ဘက်သို့ရောက်သွားကြသည်။ ထို့ကြောင့် သတင်းစာများ၏ ကြော်ငြာဝင်ငွေကျဆင်းခြင်းဖြစ်ပေါ်လာခဲ့သည်။ နောက်ထပ်ပြဿနာမှာ လူငယ်များသတင်းစာ မဖတ်ကြတော့ခြင်းဖြစ်သည်။ ၁၉၄၆ခုနှစ်က အမေရိကန်တွင် အရွယ်ရောက်ပြီးလူဦးရေ၏ ၈၁ရာခိုင်နှုန်းသည် ပုံမှန်သတင်းစာဖတ်ပရိသတ်ဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်တွင် ၅၅ရာခိုင်နှုန်းသာ ပုံမှန်သတင်းစာဖတ်၍ လူငယ်များက သတင်းစာမဖတ်သလောက် ဖြစ်လာသည်ဟုဆိုသည်။ ထို့ကြောင့် သတင်းစာ စောင်ရေပိုမိုတိုးတက်ရန်အတွက်နှင့် စရိတ်ကာမိရန် ကုန်ကျစရိတ်လျှော့ချသောနည်းနှင့် လူကြိုက်များအောင် ပြောင်းလဲတင်ဆက်သောနည်း၊ နည်းနှစ်နည်းကျင့်သုံးဆောင်ရွက်ခဲ့ကြသည်။ ကုန်ကျစရိတ်လျှော့ချသောနည်းကြောင့် ငွေကြေးအခက်အခဲတွင် အနည်းငယ်ပြေလျော့သော်လည်း သတင်းစာ၏ အရည်အသွေးကျခြင်း၊ ဝန်ထမ်းလျှော့ချခံရခြင်း၊ သတင်းစာမျက်နှာ လျှော့ချခြင်းတို့ကြောင့် သတင်းစာ၏ ဆွဲဆောင်နိုင်မှု ပိုမိုလျော့ကျခဲ့သည်ဟု ဆိုသည်။ ဆက်လက်၍ ဆန္ဒကောက်ခံမှု ခန့်မှန်းအဖွဲ့များသုံး၍ ဈေးကွက်သုတေသနလုပ်ခဲ့ကြသည်။ သတင်းစာဖတ်ပရိသတ်များ တိုးလာစေရန်အတွက် သတင်းစာလုံးဝမဖတ်သူများ တစ်ခါတစ်ရံမှ သတင်းစာဖတ်သူများအား စစ်တမ်းထုတ်မေးခွန်းများမေး၍ သုတေသနပြုလုပ်မေးမြန်းခဲ့ကြသည်။ ဖြေဆိုသူများက သတင်းများကို တိုတိုတုတ်တုတ်ဖြစ်စေချင်သည်။ စာမျက်နှာတစ်ခုမှ အခြားတစ်ခုသို့ အညွှန်းခုန်ခြင်းကိုမကြိုက် ကိုယ့်နယ်မြေသတင်း ကိုယ်ဖတ်ချင် နိုင်ငံတကာသတင်းများကို လျှော့ထည့်စေချင် စသည်ဖြင့် အဖြေများရရှိခဲ့သည်။

ထို့ကြောင့် အမေရိကန်သတင်းစာကုမ္ပဏီများသည် ဈေးကွက်သုတေသနတွေ့ရှိချက်များအတိုင်း ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ကြသည်။ သတင်းစာများ၏ စာမျက်နှာများ ပြောင်းလဲလာခဲ့သော်လည်း သတင်းစာစောင်ရေမှာ တက်မလာဘဲ တန့်နေရုံမျှသာမက စောင်ရေကျဆင်းခဲ့သည်ဟု ဆိုသည်။ ဈေးကွက်သုတေသန၏ ပုံဖော်ပေးမှုဖြင့် စာဖတ်ပရိသတ်အသစ်များ ဆွဲဆောင်နိုင်ရန် ရည်ရွယ်ချက်မှ သင်ခန်းစာတစ်ခုရခဲ့သည်။ ထိုအချက်မှာ ဈေးကွက်သုတေသနအဖွဲ့က ပစ်မှတ်ထားမေးခဲ့သူများမှာ သတင်းစာမဖတ်သူများနှင့် တစ်ခါတစ်ရံမှ သတင်းစာဖတ်သူများဖြစ်သည်။ ထိုသူများလိုလားသောပုံစံ သတင်းစာက ပြောင်းလဲလာခဲ့သော်လည်း သတင်းစာမဖတ်သူများကလည်း ၎င်းတို့အကျင့်အတိုင်း သတင်းစာမဖတ်ကြ၊ တစ်ခါတစ်ရံမှ ဖတ်သူကလည်း တစ်ခါတစ်ရံမှသာ ဖတ်သဖြင့် စောင်ရေတိုးတက်ခြင်းမရှိခဲ့ပေ။ သတင်းစာပုံမှန်မဖတ်သူများ၏အကြိုက်ကိုလိုက်၍ အပြောင်းအလဲလုပ်ခြင်းသည် ပုံမှန်ဖတ်နေသော စာဖတ်ပရိသတ်များကို အလေးမထားရာရောက်သွားသဖြင့် စောင်ရေတိုးမလာသည့်အပြင် ကျသွားခဲ့သည်ဟု ဆိုသည်။

သတင်းစာဟူသည် သမိုင်းဖြစ်သည်။ သတင်းစာကိုလေ့လာခြင်းသည် သမိုင်းကို လေ့လာခြင်းဖြစ်သည်။ သမိုင်းကြောင်းများထဲမှ အကောင်း၊ အဆိုးတို့ကို နမူနာသင်ခန်းစာယူ၍ နိုင်ငံရေးဖြစ်စေ၊ လူမှုရေးဖြစ်စေ၊ စီးပွားရေးဖြစ်စေ ပြင်ဆင်ဆောင်ရွက်သင့်လှပေသည်။ သမိုင်းဟောင်း သမိုင်းကြောင်းတို့ကို လေ့လာ၍ အမှားများထပ်ခါထပ်ခါ မဖြစ်အောင် သမိုင်းတစ်ပတ်မလည်အောင် သင်ခန်းစာယူသင့်လှသည်။ အမေရိကန်တို့က စနစ်အလွန်ကျစွာ လုပ်ခဲ့သည်။ သို့သော် အဓိကထားရမည့် ပြစ်မှတ်လွဲချော်ကောက်ချက်ချလွဲခဲ့သောကြောင့် သတင်းစာဈေးကွက်မြှင့်တင်ရေး အောင်မြင်မှုမရခဲ့ခြင်းဖြစ်ပေသည်။

မြန်မာနိုင်ငံမှ သတင်းစာများကို လေ့လာကြည့်ပါက မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့ဓလေ့ထုံးစံ၊ မြန်မာတို့၏ ယဉ်ကျေးမှုဂါရဝတရားများ၊ မြန်မာစာထုံးတမ်းစဉ်လာများဖြင့် ထုံမွမ်းထားပြီး သက်ဆိုင်ရာသတင်းစာတိုက်၏ စတင်မဖွင့်လှစ်ခင်ကတည်းက ရေးဆွဲထားခဲ့သော တိုက်သုံးဟန်နှင့် မူဝါဒစည်းမျဉ်းများကို မူတည်၍ မတိမ်းမစောင်း မယိမ်းမယိုင်ရအောင် သွားသည့်မူဝါဒကို ကျင့်သုံးခဲ့ကြသည်ကို တွေ့ရသည်။ မြန်မာ့သတင်းစာများသည် သူ့ပရိသတ်နှင့်သူ အရှိန်အဟုန်ဖြင့် ချီတက်ခဲ့ကြသည်သာဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ပိတ်သိမ်းရပ်တန့်ခဲ့သောသတင်းစာများ ရှိခဲ့သော်လည်း ပရိသတ်လျော့နည်း၍ ရပ်တန့်ခဲ့ရမှုမျိုးမှာ ရှားပါးလှသည်။ မိမိ၏ဟန်နှင့် မိမိ၏စာဖတ်ပရိသတ် စည်းဝါးကိုက် ပြေလည်ပြီးဖြစ်၍ သတင်း၊ ဆောင်းပါး၊ ကာတွန်း စသည်ဖြင့် ပါဝင်သောကဏ္ဍများကိုသာ အဆင့်မီမီဖြင့် ဖော်ပြနိုင်ရန် ဂရုပြုရမည်ဖြစ်သည်။ "အဓိကအချက်မှာ သတင်းစာကို အမြဲဖတ်သူသည် သီးခြားရှိသည်။ ထိုသူများမှာ သတင်းစာ၏ အမာခံပရိသတ်များ ဖြစ်ကြသည်။ ထိုအမာခံပရိသတ်များ လျော့ပါးမသွားလျှင် ထိုသတင်းစာအောင်မြင်၍ ရေရှည်ရပ်တည်နိုင်မည်ဟု ဆိုချင်ပါသည်။ အဓိကပရိသတ်ကိုကျော်၍ သတင်းစာမဖတ်သူ တစ်ခါတစ်ရံမှဖတ်သူများကို ဦးစားပေးခဲ့သော သမိုင်းအဖြစ်အပျက်ကို သင်ခန်းစာယူရမည်ဖြစ်သည်။

မြောက်ကာရိုလိုင်းနားပြည်နယ် ဝင်စတန်ဆာလမ်ဂျာနယ် (Wiston Salem Journal) သတင်းစာတွင် ၁၉၉၅ ခုနှစ်ခန့်က အတိုင်ပင်ခံကုမ္ပဏီလုပ်ငန်းကို ငှားရမ်းပြီး သတင်းစာအရည်အသွေးပြည့်စုံဖို့နှင့် အကျိုးအမြတ်ပိုရရန် အကြံပေးစေခဲ့သည်။ ထိုအတိုင်ပင်ခံအဖွဲ့က သတင်းစာဆရာများကို တွေ့ဆုံမေးမြန်းပြီး နေ့စဉ်လုပ်ငန်းစဉ်များကို ဒိုင်ယာရီရေးစေခဲ့သည်။ ထိုဒိုင်ယာရီများကို ကြည့်၍ သတင်းစာသမားများအတွက် အချိန်ဇယား၊ အလုပ်ဇယား ဆွဲပေးခဲ့သည် ဆို၏။ မျက်နှာဖုံးသတင်း၏ အတို၊ အရှည် သတင်းထောက်တစ်ဦးသတင်းရေးဖို့ ယူရမည့်အချိန်နှင့် တစ်ပတ်အတွင်း ထုတ်လုပ်ရမည့်ပုဒ်ရေ စသည့် ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့သည်။ ထိုကန့်သတ်ချက်များ သုံးလသာခံခဲ့သည်ဟု ဆိုသည်။ သတင်းစာဆရာအယ်ဒီတာများသည် စိတ်မရှည်ဘဲ ထိုအကြံပြုချက်များကို ပယ်ချလိုက်ကြသည်။ ထိုအကြံပြုအဖွဲ့၏ ခြယ်လှယ်မှုကြောင့် သတင်းစာ၏ လုပ်သားအင်အား ၂၀ ရာခိုင်နှုန်းလျှော့ချခဲ့ရကြောင်း သိရသည်။ အထူးသတိပြုရမည့် အချက်ပင်ဖြစ်ပေသည်။

**"Newspaper could be positive catalysts for Change, not Just Passive, Cynical and Critical Observers."**

**(Leonard Downie Jr.Robert G.Kaiser)**

**" သတင်းစာဆိုတာ အပြောင်းအလဲအတွက် အပြုသဘော အထောက်အကူဖြစ်နိုင်တယ်။ ဘေးထိုင်ဘုပြောနေတဲ့ လေ့လာမှုအဆင့်မျှမဟုတ်"**

**(လီယိုနတ်ဒေါင်းနီးဂျူနီယာနှင့် ရောဘတ်ဂျီကိုင်ဇာ)**

ဟူသော အဆိုအမိန့်ကလည်း သတိပြုစရာဖြစ်သည်။ သတင်းစာနှင့် မစပ်ဆိုင်သူ၊ သတင်းစာမဖတ်သူ၊ သတင်းစာဆရာမဟုတ်သူ၊ သတင်းစာချစ်မြတ်နိုးသူမဟုတ်သောသူများ၏ ဝေဖန်မှု၊ အကြံပြုမှုများကို သတိပြုရမည်ဖြစ်ပေသည်။ သက်ဆိုင်ရာနယ်ပယ်ကျွမ်းကျင်သူမဟုတ်က ထိုသူ၏အကြံပြုချက် နည်းပေးလမ်းညွှန်မှုတို့သည် ရာနှုန်းပြည့် မမှန်နိုင်သဖြင့် သတိပြုရမည်ဖြစ်သည်။ အမေရိကန်သတင်းစာများ နလန်ပြန်ထူရန် ပြည်သူ့ရေးရာသတင်းစာပညာ (Civic or Public Journalism)ဖက်သို့ လှည့်ကြပြန်သည်။ သတင်းစာပညာတွင် ရှိပြီးအမည်မဟုတ်သော်လည်း သတင်းစာဆရာများ၏ လုပ်ဆောင်ပုံကိုကြည့်ပြီး အမည်တပ်ခြင်းဖြစ်သည်။ ပြည်သူ့ရေးရာ သတင်းစာပညာဟူသည် လူ့အလွှာပေါင်းစုံတွင် ဖြစ်ပေါ်နေသော ပြဿနာများမည်သို့ဖြေရှင်း၍ ရကြောင်း နည်းလမ်းပြခြင်းပင်ဖြစ်သည်။

စာရေးသူ၏ သတင်းစာဆရာဘဝ သက်တမ်းနှစ် ၃၀ခန့် အတွေ့အကြုံလုပ်ကိုင်ခဲ့မှု ငယ်စဉ်ကတည်းက သတင်းစာဆိုင်ရာလေ့လာခဲ့မှုတို့ကြောင့် သတင်းစာပညာ အခြေခံထက်ကျော်လွန်၍ သိသူဟု ဆိုနိုင်ပေသည်။ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်တတ်သည့်သူ ရှားလာသည်။ သတင်းနယ်ပယ်တွင် ဆရာကြီးဟူသည်မရှိဟု အဆိုရှိသည် မဟုတ်လော။ သတင်းစာဆရာဘဝတွင် နယ်ပယ်အလိုက် ကြုံတွေ့ရသည်များ များလှသည်။ ဖွဲ့ရှိရသည်။ သည်းခံရသည်။ ကြိုးစားအားထုတ်ရသည်။ ကျန်းမာရေးကို ဂရုပြုရသည်။ အစိုးရသတင်းစာဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့်သက်ဆိုင်သော မူဝါဒနှင့် ဆောင်ရန်၊ ရှောင်ရန်များကို အထူးသတိပြုရသည်။ သတင်းစာပညာနှင့်ပတ်သက်သော နည်းစနစ်၊ တိုက်သုံးဟန်စသည်တို့ မပျက်မယွင်းစေရန်လည်း ထိန်းသိမ်းရသည်။ တစ်ခါတစ်ရံ အတိုက်အခံလုပ်၍ လူမုန်းခံပြီး ဖွတ်ပြော၊ ဖွတ်လုပ်သည့်နည်းဖြင့်လည်း သတင်းစာမူဝါဒမှ မချွတ်ချော် မတိမ်းစောင်းစေရန် မီဒီယာလူမိုက်လုပ်သင့်က လုပ်ရသေးသည်။ သတင်းစာကို သတင်းစာလိုမသိသော အခြားသော ပြင်ပစာပေ၊ စာအုပ်၊ ဂျာနယ်တို့နှင့် တန်းညှိလိုသောသူများ၏ ထိုးဖောက်ဝင်ရောက်မှုများကိုလည်း နည်းစနစ်မျိုးစုံသုံး၍ ကာကွယ်ရသေးသည်။ နှစ် ၃၀ကာလတွင် အတွေ့အကြုံ အတန်စုံခဲ့သည်ဟု ဆိုရပေမည်။

ပြင်ပတွင်သင်ကြားခဲ့သော သတင်းစာပညာရပ်ဖြင့် မန္တလေးနေ့စဉ်သတင်းစာတိုက်တွင် စတင်ထမ်းဆောင်စဉ်ကနှင့် မထမ်းဆောင်စဉ်က ဌာနကြီးတစ်ခုအတွက် သတင်းစာနှင့် စာပေသင်တန်းအချို့ပို့ချပေးခဲ့ရသည်။ နောက်ပိုင်းတွင် မအားလပ်သဖြင့် မိမိထက် ဝါရင့်သောဆရာကြီးအား ပြန်၍အပ်ခဲ့သည်။ ထိုဆရာကြီးမှာ ဂျာနယ်လစ်ဦးခင်မောင်ကြီးပင်ဖြစ်သည်။ ဆရာကြီးသည် မန္တလေးနေ့စဉ် မဖွင့်ခင်ကတည်းကပင် တစ်ဦးနှင့်တစ်ဦး အတွင်းသိအကြောင်းသိ ဖြစ်ခဲ့ပြီးဖြစ်သည်။ ကြေးမုံ၊ မြန်မာ့အလင်း၊ ရတနာပုံသတင်းစာတိုက်တို့တွင် အယ်ဒီတာချုပ်တာဝန်နှင့် သတင်းစာသမားဘဝကို စုံခဲ့သူဖြစ်သည်။ မန္တလေးနေ့စဉ် စတင်မဖွင့်ခင်က မိမိထံအကြောင်းကြားသော်လည်း ခရီးလွန်နေသဖြင့် ဖွင့်စက မဝင်နိုင်ခဲ့။ မိမိသတင်းစာတိုက်သို့ဝင်သည်နှင့် တစ်ဦးတည်းအား သတင်းစာသင်တန်း စာတွေ့၊ လက်တွေ့သုံးလသင်တန်းကို ချက်ချင်းပို့ချပေးခဲ့သည်။ ပထမတစ်ပတ်တွင် တွဲဖက်အတွင်းရေးမှူးရုံးခန်းတွင် တစ်ပတ်ပို့ချပြီး နောက်ပိုင်းတွင် ခန်းမတွင်းနှင့် သတင်းစာတိုက်တို့၌ သင်ကြားပေးခဲ့သည်။ ထိုရက်ပိုင်းအတွက် စားစရိတ်နှင့် သွားလာစရိတ်များကို ကော်မတီက ကျခံပေးခဲ့သည်။ သီးခြားသင်တန်းအောင်လက်မှတ်ပေးရန် စီစဉ်နေစဉ် ဦးခင်မောင်ကြီးကျန်းမာရေးအခြေအနေကြောင့် မပေးဖြစ်ခဲ့။ ထိုစဉ်ကပင် နိုင်ငံပိုင်သတင်းစာများတွင် ဖြစ်ပွားလာတတ်သည့် ပူးသတ်စိမ့်ဝင်တတ်သည့် အန္တရာယ်နှင့် အခက်အခဲများ ဆောင်ရွက်သင့်သည်များကို အမေရိကန်သတင်းစာလောက၊ မြန်မာ့သတင်းစာလောကတို့နှင့် ချိန်ထိုးသင်ကြား သတိပြုစေခဲ့သည်။ ထိုစဉ်က တွဲဖက်အတွင်းရေးမှူးနှင့် ဌာနမှူး ဦးခင်မောင်ဇင်(ကွယ်လွန်)တို့က အရေးကြီးမေးခွန်းများမေးမည်ဟုဆိုကာ မေးခဲ့ကြသည်။ မေးခဲ့ကြသည့် မေးခွန်းများမှာ (၁) အယ်ဒီတာအဖွဲ့မှ အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်သွားကြပြီး မိမိတစ်ဦးတည်း ကျန်လျှင်၊ (၂) ဆောင်းပါး၊ ကဗျာ၊ ကာတွန်းဆရာများက အကြောင်းအမျိုးမျိုးကြောင့် စာမူများ မပို့ခဲ့ကြလျှင်၊ (၃) ပြင်ပသတင်းထောက်များက သတင်းပို့မှုများ နည်းပါးသွားလျှင်ဟူ၍ ဖြစ်သည်။ (၁) အယ်ဒီတာအဖွဲ့မှ အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်သွားကြပြီး မိမိတစ်ဦးတည်းကျန်လျှင် မိမိတစ်ဦးတည်းဖြင့် ရအောင်လုပ်မည်။ (၂) ဆောင်းပါး၊ ကဗျာ၊ ကာတွန်း ဆရာများက အကြောင်းအမျိုးမျိုးကြောင့် စာမူများ မပို့ခဲ့ကြလျှင် ကိုယ်တိုင်ရေးမည်။ ပတ်ဝန်းကျင်ကို စည်းရုံးမည်။ (၃) ပြင်ပသတင်းများ မလာလျှင် သင့်ရာနည်းဖြင့် ကိုယ်တိုင်လိုက်မည်ဟု ပြောဆိုခဲ့သည်။

ထိုစဉ်က လူကြီးများမေးခဲ့သော အဓိပ္ပာယ်အပြည့်အစုံကို မိမိအငြိမ်းစားယူကာနီးကာလတွင်မှသာ ပြည့်စုံစွာ သိခဲ့ရသည်။ သတင်းစာအတွက် အခြေအနေမျိုးစုံ ဖြစ်လာနိုင်သည်များကို ကြိုတင်တွေးဆ၍ လုပ်နိုင်မည်ဟု ယူဆသူအား မေးမြန်းကတိပြုစေခြင်းဖြစ်ကြောင်း နောက်ပိုင်းမှ သိခဲ့ရသည်။ သတင်းစာတိုက်စပြီး တစ်နှစ်၊ နှစ်နှစ်ခန့်တွင်ပင် သတင်းစာတိုက်၏ ဖြန့်ချိရေးဌာနနှင့် ကြော်ငြာဌာနတွင် ဝန်ထမ်း လုံလောက်စွာမရှိသည်ကို စတင်ကြုံတွေ့ရသည်။ အလုပ်စဝင်သည်မှ သုံးနှစ်တာအတွင်း တစ်ရက်မျှ နားရက်မယူခဲ့ဘဲ အလုပ်ဆင်းခဲ့ပြီး၊ ဖြန့်ချိရေးနှင့် ပစ္စည်းထိန်းတာဝန်တို့ကို ပူးတွဲ၍ တာဝန်ထမ်းဆောင်ခဲ့သည်။ ဌာနမှူးက ကြော်ငြာ(သို့)ဖြန့်ချိရေးတွင် ပြောင်းလဲတာဝန်ယူလိုက အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်၍ တာဝန်ပေးမည်ဟု ဆိုခဲ့သည်။ ထိုစဉ်က သတင်းစာတိုက်မှ အယ်ဒီတာ၊ သတင်းထောက်၊ စာပြင်၊ ကွန်ပျူတာ၊ ဖြန့်ချိဝန်ထမ်းများသည် ပြင်ပပညာရှင်(ပုံသေဝန်ထမ်း၊ ယာယီဝန်ထမ်း) အဖြစ်သာ ခန့်အပ်ပြီး အမြဲတမ်းဝန်ထမ်းများ မဟုတ်သေးပေ။ ကြော်ငြာဝန်ထမ်းများသည် အမြဲတမ်းဝန်ထမ်းများနှင့် ယာယီဝန်ထမ်းများ တွဲဖက်ခန့်အပ်ထားသည်။ အယ်ဒီတာ လုပ်ရန်လာခြင်းဖြစ်၍ အယ်ဒီတာသာလုပ်မည်ဖြစ်ကြောင်း၊ အခြားဝန်ထမ်းများ မရှိသေးလျှင် ပူးတွဲ တာဝန်ယူပေးမည်ဖြစ်ကြောင်း ပြော၍ ပူးတွဲတာဝန်ယူဆောင်ရွက်ပေးခဲ့ရသည်။ နောက်ပိုင်း အမြဲတမ်းဝန်ထမ်းဖြစ်လာသောအခါ လူကြီးများ မေးမြန်းခဲ့သည့်အတိုင်း အယ်ဒီတာအဖွဲ့ အကြောင်းအမျိုးမျိုးဖြင့် နုတ်ထွက်သွားကြ၍ ဆရာကြီးနုတ်မောက်ထွန်းရှိန်နှင့် အယ်ဒီတာမိမိတစ်ဦးသာ တာဝန်ထမ်းဆောင်ခဲ့သည်မှာ နှစ်နှင့်ချီ၍ ကြာမြင့်ခဲ့သည်။ မိမိတို့ အယ်ဒီတာက သင့်တော်သလို ရယူဖန်တီးခဲ့ရသည့် သတင်းများဖြင့် ဖောင်ဖြည့်ခဲ့ရသည်များနှင့် အခါကြီး၊ ရက်ကြီးတွင် ထည့်သင့်သော ဆောင်းပါး၊ ကဗျာများကိုလည်း အယ်ဒီတာ ကိုယ်တိုင်ရေး၍ သင့်သလို ထည့်သွင်းဖော်ပြခဲ့ရသည်။ မကြာသေးမီ နှစ်များအတွင်းက အခက်အခဲမှာလည်း မိမိတာဝန်ကျသည့်ရက် ညတာဝန်ကို ကွန်ပျူတာ ခေါင်းဆောင်တစ်ဦးနှင့် တွဲ၍ နှစ်ဦးသား အရေးပေါ် ဆောင်ရွက်ခဲ့ရသည်များမှာလည်း ကြီးမားသော အတွေ့အကြုံတစ်ရပ်ဖြစ်သည်။ (မန္တလေးနေ့စဉ် သတင်းစာခရီး စာအုပ်ထုတ်သည့်အခါ အပြည့်အစုံ သတင်းစာသမိုင်းအဖြစ် လေ့လာနိုင်ရန် ရေးသားလျက်ရှိသည်။)

ဆောင်းပါးအစပိုင်းတွင် ဆိုခဲ့သော သတင်းစာ စောင်ရေတိုးစေရန် အမေရိကန်သတင်းစာများ မှားယွင်းဆောင်ရွက်ခဲ့သည့် နမူနာကို ယူရမည့်အစား မှားယွင်းစွာဆောင်ရွက်ခဲ့မိမှုများအကြောင်းကိုလည်း နောက်ဆောင်းပါးများတွင် ဆက်လက်ဖော်ပြမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

၀-၀-၀-၀-၀

## ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်များကို အွန်လိုင်းမှ ဆောင်ရွက်ပေးမည်

**မန္တလေး ဖေဖော်ဝါရီ ၂၃**

ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လိုင်စင်များကို အချိန်ကုန်သက်သာပြီး လွယ်ကူလျင်မြန်စေရန်အတွက် ကွန်ပျူတာစနစ်ဖြင့် အွန်လိုင်းမှ ဆောင်ရွက်ခြင်းကို ဧပြီ ၁ ရက်မှ စတင်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါလုပ်ငန်းလိုင်စင်နှင့် ပတ်သက်သည့်လုပ်ငန်းများအနက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်း လုပ်ငန်းတို့ကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ရုံးတို့တွင် အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဟု ဆိုသည်။

'သယ်ယူပို့ဆောင်ရေးယာဉ်တွေအနေနဲ့ လုပ်ငန်းလိုင်စင်လုပ်ရပါတယ်။ ကုန်တင်ယာဉ်ခရီးသည် ပြေးဆွဲတဲ့ယာဉ်တွေအကျုံးဝင်ပြီး လုပ်ငန်းလိုင်စင်လုပ်တဲ့အခါအရင်က လူကိုယ်တိုင်ရုံးကိုသွားပြီး လုပ်ရတယ်။ အွန်လိုင်းစနစ်နဲ့ လိုင်စင်လုပ်ပေးတဲ့အတွက် အချိန်ကုန်သက်သာမယ်။ လိုင်စင်ရပြီဆိုရင်ရုံးကို လာယူရပါမယ်' ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသည် ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေ(၂၀၁၆)အရ ခွင့်ပြုထုတ်ပေးခြင်း ဖြစ်သည်။

'အွန်လိုင်းစနစ်နဲ့ လုပ်ဆောင်ဖို့အတွက် စမ်းသပ်ကာလအဖြစ် ဖေဖော်ဝါရီ ၁၀ ရက်တွင်စတင်လုပ်ဆောင်ပါတယ်။ ဧပြီ ၁ရက်ကစပြီး အပြည့်အဝဆောင်ရွက်ပေးသွားမှာပါ။ အသေးစိတ်အချက်အလက်တွေသိချင်ရင် www.dotp.gov.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်' ၎င်းက ဟု ဆက်လက်ပြောကြားသည်။

ကုန်ပစ္စည်းသယ်ယူခြင်း၊ ခရီးသည်ပို့ဆောင်ခြင်း စသည့်လုပ်ငန်းလုပ်ကိုင်ရန် အလို့ငှာ အသုံးပြုသော မော်တော်ယာဉ်၊ သုံးဘီးယာဉ်များသည် သက်ဆိုင်ရာပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနရုံးများတွင် လုပ်ငန်းလိုင်စင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-ဇ)**



## ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၅)သင်တန်းဆင်း

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့(ကျိုင်းတုံ) မှ ကြီးမှူးဖွင့်လှစ်သည့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းခွင်(မွမ်းမံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၁ တွင် ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီး သန့်ဇင်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းက ပို့ချလေ့ကျင့်ပေးသည့်သင်ခန်းစာများကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာအသုံးပြုရန်အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

သင်တန်းသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းသင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ပြောင်းဆန် တန်ချိန် ၂ သိန်း ထိုင်းဝယ်မည်

ထိုင်းစီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိသည့် ပြောင်းဆန်တန်ချိန် ၂ သိန်းကို ဝယ်ယူသွားရန်ရှိကြောင်း သိရသည်။

ထိုင်း-မြန်မာနှစ်နိုင်ငံ ကုန်သည်လုပ်ငန်းရှင်တွေအကြား Business to Business (B to B)ပြောင်းအရောင်းအဝယ် နားလည်မှုဆိုင်ရာ သဘောတူစာချုပ်(MOU)ကို ဖေဖော်ဝါရီလ ၆ ရက်မှာ လက်မှတ်ရေးထိုးခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ MOU အတွင်း စာချုပ် ၄၃ ခု ပါဝင်ကာ မြန်မာနိုင်ငံဘက်မှ ကုမ္ပဏီ ၂၃ ခုနှင့် ထိုင်းနိုင်ငံဘက်မှ ကုမ္ပဏီ ၉ ခု တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ပြောင်းတန်ချိန် ၂သိန်းတိတိ စာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

အခုလို MOU ရေးထိုးနိုင်ခဲ့ခြင်းကြောင့် ဈေးကွက်ခိုင်မာမှုရှိခြင်း၊ ဝယ်လိုအားများသည့်ကာလမှာ တစ်ဖက်နိုင်ငံဝယ်ယူသူများဘက်မှ ဈေးကစားမှုများ မဖြစ်ပေါ်နိုင်တော့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ပြောကြားထားသည်။

ယခုနှစ်အတွင်း မြန်မာ့ပြောင်းဆန်တွေကို ထိုင်းဈေးကွက်ထံ အများဆုံး တင်ပို့သွားရန်ရှိပြီး ထိုင်းနိုင်ငံပြီးမှ တရုတ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်သည်။

လက်ရှိမှာ တရုတ်နိုင်ငံကနေ မြန်မာ့ပြောင်းဆန်ကို ဝယ်ယူရန် ကမ်းလှမ်းနေပြီး အိန္ဒိယနိုင်ငံကလည်း ထပ်တိုးဝယ်ယူနိုင်ရန် ကမ်းလှမ်းမှုများပြုလုပ်နေကြောင်း မြန်မာနိုင်ငံပြောင်း လုပ်ငန်းအသင်းကနေ သိရသည်။

ကမ္ဘာ့ဈေးကွက်မှာတော့ ပြောင်းဆန်တစ်တန်ဈေး အမေရိကန်ဒေါ်လာ ၄၉၈ ရှိပြီး ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ ပြောင်းဆန်တစ်ပိဿာလျှင် ငွေကျပ် ၁၆၈၀-၁၇၀၀ ဈေးဖွင့်ထားသည်။ ပြောင်းတင်ပို့မှုအနေဖြင့် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလအတွင်းမှာ ပြောင်းတန်ချိန် ၁ ဒသမ ၈၈ သန်း၊ တန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၄၄၇ သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

*-*-*-*-*



## မန္တလေးဈေးကွက်အတွင်းသို့ ပဲပုပ်များ လှိုင်လှိုင်ဝင်ရောက်လာ



**မန္တလေး ဖေဖော်ဝါရီ ၂၃**

နယ်ပယ်ပေါင်းစုံမှ ပဲပုပ်များ မန္တလေးဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လာနေပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းက ထုတ်ပြန်သော ဈေးနှုန်းများအရ သိရသည်။

မန္တလေးဈေးကွက်အတွင်းသို့ ဇန်နဝါရီလပိုင်းမှစတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီလထဲလှိုင်လှိုင်ဝင် ရောက်လာကြောင်း သိရသည်။

'ဆောင်းသီးနှံအဖြစ် စိုက်ပျိုးတဲ့ ပဲပုပ်တွေ ဈေးကွက်ထဲကို ဝင်ရောက်လာတာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်နဲ့ တိုင်းအတွင်းမှာ စိုက်တဲ့သီးနှံတွေရောစုံပြီးထွက်ရှိလာတာပါ၊ ဖေဖော်ဝါရီလကနေ မတ်လအထိ လှိုင်လှိုင်ဝင်ရောက်လာဦးမှာဖြစ်ပါတယ်' ဟု အဆိုပါအသင်းက ကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိဈေးကွက်အတွင်း နယ်ပယ်ပေါင်းစုံမှ ဝင်ရောက်လာခြင်းကြောင့် ဈေးနှုန်းအနည်းငယ်ကျဆင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ဖေဖော်ဝါရီ ဒုတိယသီတင်းပတ်တွင် ပဲပုပ်(ဗမာ)ငွေကျပ်၂၉၀၀၀၀၊ ၃၀၀၀၀၀ မှ ဖေဖော်ဝါရီ တတိယသီတင်းပတ်တွင် ငွေကျပ် ၂၈၅၀၀၀၊ ၂၈၈၀၀၀သို့လည်းကောင်း၊ ပဲပုပ်(ကာဘိုး)ငွေကျပ် ၃၂၀၀၀၀၊ ၃၃၀၀၀၀မှ ငွေကျပ် ၃၂၀၀၀၀၊ ၃၂၅၀၀၀သို့ ကျဆင်းလာကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပဲပုပ်သီးနှံအား မိုးသီးနှံအဖြစ် မေ၊ ဇွန်လများတွင်စိုက်ပျိုးကြပြီး သြဂုတ်၊ စက်တင်ဘာလတို့တွင်ထွက်ရှိကြောင်း၊ ဆောင်းသီးနှံအဖြစ် နိုဝင်ဘာ၊ ဒီဇင်ဘာလတို့တွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီ၊ မတ်လတို့တွင် ထွက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-ဧ)**

## ကောက်ညှင်းဆန် အဝင်နည်း၍ ဈေးမြင့်တက်နေ

ယခုနှစ်ဆန်းပိုင်းမှာ ဆန်ဈေးကွက်ထဲသို့ ကောက်ညှင်းဆန် အဝင်နည်းနေပြီး ဈေးနှုန်းများလည်း မြင့်တက်နေကြောင်း ဆန်ပွဲရုံများထံက သိရသည်။

ဖေဖော်ဝါရီလ အစောပိုင်းက ၂၄ ပြည် ကောက်ညှင်းဆန် ထိပ်စ လက်ကားတစ်အိတ်လျှင် ငွေကျပ် ၁၈၀,၀၀၀ ဝန်းကျင်သာရှိရာကနေ ယခုအခါတစ်အိတ်လျှင် ငွေကျပ် ၁၉၅,၀၀၀ ဝန်းကျင်ထိရောက်ရှိလာခြင်း ဖြစ်သည်။

'အရည်အသွေးညံ့ ကောက်ညှင်းဆန် လက်ကားတစ်အိတ်ကို ငွေကျပ် ၁၆၀,၀၀၀ ဝန်းကျင် ပေါက်ဈေး ရှိနေပါတယ်။ အခုလို ဈေးမြင့်တက်တာက အဝယ်လိုက်လို့မဟုတ်ဘဲ ပစ္စည်းပြတ်နေလို့ ဈေးတက်လာတာ ဖြစ်တယ်' ဟု ဆန်ကုန်သည်တစ်ဦးက ပြောသည်။

လက်လီလက်ကားဈေးကွက်ထဲမှာ ကောက်ညှင်းဆန်က အရောင်းအဝယ်ပါးနေပြီး ယခုနှစ်မှာ ကောက်ညှင်းဆန်ကို အိတ်ရာချီ ဝယ်ယူသိုလှောင်သည့် ဝယ်လက်များလည်း မရှိသလောက်နည်းနေခြင်း ဖြစ်သည်။

ရန်ကုန်-မန္တလေးဈေးကွက်ကို ကောက်ညှင်းဆန်များ အဝင်နည်းနေသလို ကောက်ညှင်းဆန်ကွဲကလည်း ပစ္စည်းတွေပြတ်နေပြီး ဈေးဖွင့်မရဖြစ်နေကြောင်း ဆန်လက်ကားဒိုင်များထံက သိရသည်။

ဇန်နဝါရီလကုန်ပိုင်းက ၂၄ ပြည် ကောက်ညှင်းဆန်ကွဲ လက်ကားတစ်အိတ်လျှင် ငွေကျပ် ၁ သိန်း ၂ သောင်းကနေ ၁ သိန်း ၃ သောင်းကြားရှိပြီး လက်လီဈေးကွက်ထဲမှာ တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ ဝန်းကျင် ပေါက်ဈေးရှိနေကြောင်း သိရသည်။

**(အောက်ပုံ) ရွှေမန်း**



## မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ကွင်းဆင်းဟောပြော

**မိုင်းယန်း ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် တွင် ကျေးရွာဒေသခံတိုင်းရင်းသား ပြည်သူများအား မီးခိုးမြူငွေ့လျှော့ ချရေးဆိုင်ရာအသိပညာပေး ကွင်း ဆင်းဟောပြောခြင်းကို ယမန်နေ့ မွန်းလွဲ ၁နာရီက မိုင်းလွေကျေးရွာ အုပ်စု၊ လောင်ကျန့်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။



ထိုသို့ အသိပညာပေး ကွင်း ဆင်းဆောင်ရွက်ရာတွင် မိုင်းယန်း မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင် ဇင်ဦးက ဒေသတည်ငြိမ်အေးချမ်း ရေး၊တရားဥပဒေစိုးမိုးရေး၊ကျန်းမာ ရေး၊ ပညာရေး၊ လူမှုရေးနှင့် ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြော ကြားသည်။ ထို့နောက် မြို့နယ် သစ်တောဦးစီးအရာရှိက ကျေးရွာ နေ ပြည်သူများအား မီးခိုးမြူဖြစ် ပေါ်ရခြင်း အဓိကအကြောင်း အရင်းများနှင့် မီးခိုးမြူငွေ့လျှော့ချ ရေးအတွက် လိုက်နာဆောင်ရွက်ရ မည့် နည်းလမ်းများကို ရှင်းလင်း ဟောပြောသည်။ ဆက်လက်၍ မြို့နယ်မြေစာရင်းဦးစီးဌာနဦးစီး မှူးမှ တောင်ယာမီးရှို့ခြင်းအစား သဘာဝဓာတ်မြေဩဇာပြုလုပ် အသုံးပြုခြင်းဖြင့် မီးခိုးမြူငွေ့ လျှော့ချနိုင်သည့် အကြောင်းအရာ များဖြင့် လည်းကောင်း၊ အဓိက အကြောင်းအရာများဖြင့်လည်း ကောင်း အသိပညာပေး ရှင်းလင်း ဟောပြောခဲ့ကြကြောင်း သိရ သည်။

(ဓဲပုံ)

မြို့နယ်(ပြန်/ဆက်)

*- *- *- *- *- *- *



## မြန်မာ့စီးပွားရေးဘဏ်တွင် ဖေဖော်ဝါရီလအတွက် အငြိမ်းစားပင်စင်လစာငွေများ စတင်ထုတ်ပေး

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများ၏ ဖေဖော် ဝါရီလအတွက် ပင်စင်လစာငွေ များကို မြန်မာ့စီးပွားရေးဘဏ်မှ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၇ နာရီတွင် စတင်ထုတ်ပေးလျက် ရှိသည်။

ထို့သို့ ပင်စင်လစာငွေ များ ထုတ်ပေးရာတွင် အကြောင်း အမျိုးမျိုးကြောင့် ကာယကံရှင် ကိုယ်တိုင်လာရောက်ထုတ်ယူနိုင် ခြင်းမရှိသည့် အငြိမ်းစားအသက် ကြီးသူများနှင့် ကျန်းမာရေး မကောင်းသူများ၏ ပင်စင်လစာ များကို ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူလိုပါက လိုအပ်သည့် အထောက်အထားပြည့်စုံစွာ လာ ရောက်ထုတ်ယူနိုင်ကြောင်းနှင့် ပင်စင်လစာထုတ်ယူရာတွင် အဆင် ပြေ ချောမွေ့စေရေးအတွက် ဝန်ထမ်း များက စာရင်းဖြည့်သွင်းခြင်းများ ကို စနစ်တကျဆောင်ရွက်ပေးပြီး အလှည့်ကျစနစ်ဖြင့် ထုတ်ယူနိုင် ရေး စီစဉ်ဆောင်ရွက်ပေးထား ကြောင်းကို မြန်မာ့စီးပွားရေး ဘဏ်တာဝန်ရှိသူထံမှ သိရသည်။ အလားတူ တောင်တွင်းကြီးမြို့နယ် အတွင်းကျန်ရှိသည့် အငြိမ်းစား ဝန်ထမ်းများ၏ ပင်စင်လစာငွေ များကို သတ်မှတ်ရက်ဘဏ်ဖွင့် ချိန်အတွင်း ဆက်လက်ထုတ်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

နောင်နောင်(ဗိဿနိုးမြေ)

## နှမ်းစပါးနှင့် နှမ်းသီးနှံများ လျာထားစိုက်ကြပြည့်မီရေး ရေပေးတူးမြောင်းများအလိုက် ရေလှည့်စာရင်းများအား ရှင်းလင်းဆွေးနွေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည် မြို့နယ်တွင် နွေစပါးနှင့် နွေသီးနှံ များ လျာထားစိုက်ဧကပြည့်မီရေး မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ မှ စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းများတွင် တောင်သူ များနှင့်တွေ့ဆုံပြီး ရေပေးတူးမြောင်း များအလိုက် ရေလှည့်စာရင်းများ အား ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ က တမုတ်စိုက်ပျိုးရေးနည်းပညာ ပေးရှေ့တန်းစခန်းမှ တောင်သူ များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ကျောက်ဆည်မြို့နယ်တွင် နွေစပါးနှင့် နွေသီးနှံမျိုးစုံ လျာ ထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး မြို့နယ် ဆည်မြောင်းနှင့် ရေအသုံး ချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဖေဖော် ဝါရီ ၁၅ ရက် နံနက် ၆ နာရီမှ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၆ နာရီအထိ ဇော်ဂျီမြစ်ဆိုင်ရာ ရေပေးတူးမြောင်းများဖြစ်သည့် အထက်လင်း၊ နွားတက်၊ ငပြောင်၊ နောင်ခမ်း၊ သင်းဒီး၊ သင်းတွဲ မြောင်းများတွင် စိုက်ပျိုးရေများ စတင်ပေးဝေသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၆ နာရီမှ မတ်လ ၁ ရက် နံနက် ၆ နာရီအထိ မင်းရဲ၊ တမုတ်၊ ဇီး တော၊ ပလိပ်၊ မြောင်းဆုံ မြောင်း များတွင် စိုက်ပျိုးရေများ စတင် ပေးဝေသွားမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေများ ပေးဝေရာတွင် မြောင်းများအလိုက် နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးမှုအပေါ် ရေလွှတ် အား(ကြူးဆက်)ဖြင့် တွက်ချက် ၍ လုံလောက်စွာ ပေးဝေသွား မည်ဖြစ်သည်။

ကျောက်ဆည်မြို့နယ်အနေ ဖြင့် နွေစပါး ၁၉၉၈၀ ဧက၊ နွေ နှမ်း ၂၉၀၀၀ ဧက၊ ပဲတီစိမ်း ၃၄၆၉ ဧက၊ ဝါသီးနှံ ၈၅ ဧက စုစုပေါင်း ၅၂၅၃၄ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်ရေအသုံးချမှုနှင့် စီမံခန့်ခွဲ ရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

(၄၈၅)



## မြို့သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ စနေနေ့တိုင်း အလေးထား ဆောင်ရွက်လျက်ရှိ

**အောင်လံ ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့သန့်ရှင်း သာယာလှပရေး၊ ရေစီးရေလာ ကောင်းမွန်စေရေး၊ ခြင်အန္တရာယ် နှင့် အခြားရောဂါများကင်းဝေး ရေးအတွက် အခြေခံပညာကျောင်း များ၊ အများပြည်သူများနှင့် သက် ဆိုင်သည့်နေရာများ၊ ဘုန်းတော် ကြီးကျောင်းများတွင် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ အလေးထားဆောင် ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ၏ ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်း များက အောင်လံမြို့၊ စမ်းချောင်း ရပ်ကွက်၊ တာဝတိံသာဘုန်းတော် ကြီး ကျောင်းဝန်းနှင့် ကျောင်း ပရိဝုဏ်အတွင်း/အပြင် နေရာများ ၌ ဌာနဆိုင်ရာအသီးသီးရှိ ဝန်ထမ်း များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင် သာယာရေးအဖွဲ့နှင့် ပြည်သူများက ကျောင်းပရိဝုဏ်အတွင်း/အပြင်ရှိ သစ်ရွက်ခြောက်များ၊ သစ်ပင်ချုံ နွယ်များ၊ ပူပြင်းရာသီ ရောက်ရှိ လာပြီဖြစ်သဖြင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေး၊ မီးသတ်တပ်ဖွဲ့ဝင်များက ဘုန်း တော်ကြီးကျောင်းအတွင်းရှိ သစ် တုံးကြီးများအား ပိုင်းဝန်းရွှေ့ ပြောင်းကူညီရေး၊ ဘုန်းတော်ကြီး ကျောင်းအတွင်း အမှိုက်လှဲခြင်း လုပ်ငန်းများကို အပတ်စဉ် စနေ နေ့တိုင်း စဉ်ဆက်မပြတ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

(အောက်ပုံ)

အာကာ(ပြန်/ဆက်)



တိုက်တာဆင့်ဆင့်၊ မိုးထိမြင့်လည်း
ပန်းနှင့်သစ်ပင်၊ မတွေ့မြင်က
ဝန်းကျင်ခြောက်ခန်း၊ စိတ်ပင်ပန်း၏။

## မြစ်သားမြို့နယ် မင်းကုန်းရပ်ကွက်လမ်းမကြီး ဘေးတစ်ဖက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် ရေဆိုးထုတ်အုတ်ရေမြောင်းများ တူးဖော်ဆောင်ရွက်ပေး

**မြစ်သား ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊မြစ်သားမြို့နယ် မင်းကုန်းရပ်ကွက် လမ်းမကြီးဘေး တစ်ဖက်တွင် မိုးရာသီကာလ အတွင်းရေကြီး၊ ရေလျှံမှုများ မဖြစ်ပေါ်စေရန်နှင့် ရေမြောင်း ပိတ်ဆို့မှုမရှိစေရန် ရည်ရွယ်၍ ရေဆိုးထုတ်အုတ်ရေမြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်း က မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ စတင်ဆောင်ရွက်ပေးလျက် ရှိသည်။

မြစ်သားမြို့နယ်၊ မင်းကုန်း ရပ်ကွက် လမ်းမကြီးဘေးတစ်ဖက် တွင် ရေစီးရေလာ ကောင်းမွန်မှု မရှိခြင်းကြောင့် လမ်းမပေါ် ရေ တင်ကာ ရပ်ကွက်နေပြည်သူများ သွားလာရေး အခက်အခဲဖြစ်နေ သဖြင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ တာဝန်ယူ၍ အုတ်ရေ မြောင်းများ ပြုလုပ်ကာ အရှည် ၆၇၈ ပေရှိ၊ အကျယ် ၃ ပေ၊ အနက်၂ ပေ တူးဖော်ဆောင်ရွက် လျက်ရှိပြီး ရေစီးရေလာကောင်း မွန်စေရန် ရေဆိုးထုတ် အုတ်ရေ မြောင်း တူးဖော်၍ ဆောင်ရွက် ပြီးစီးပါက မိုးတွင်းကာလ ရေစီး ရေလာ ကောင်းမွန်စေမည့်အပြင် လူနေအိမ်များအတွင်း ရေကြီး ရေလျှံမှုများ ကင်းဝေးစေမည် ဖြစ်ကာ ရေတိုက်စားမှုကြောင့် လမ်းပျက်စီးမှုများလည်း လျော့ နည်းသက်သာစေမည်ဖြစ်ကြောင်း မြစ်သားမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အောက်ပုံ)

ဝင်းမင်းထွန်း(ပြန်/ဆက်)



## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ရွှေကျင်ရပ်ကွက်နေ ဦးပြုံးမောင်မောင်(ဘ)ဦးဇော်ဒင်(၈/ရစက(နိုင်)၁၆၆၁၀၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

PO Paw Oo

ရေသန့်စက် တပ်ဆင်၊ပြုပြင်၊ရောင်းဝယ်ရေး

**မှတ်ပုံတင်စာချုပ်အမှတ် – ၁၁၁/ ၂၀၂၅**

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးပြုံးမောင်မောင်သည် ပူးတွဲဖော်ပြပါ "Paw Oo" အမှတ်တံဆိပ်ကို မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၁၁၁/၂၀၂၅)အရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး"Paw Oo" အမှတ်တံဆိပ်ကိုအသုံးပြု၍ " ရေသန့်စက်နှင့် ရေသန့်စက်အပိုပစ္စည်းအမျိုးမျိုး " တို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးပြုံးမောင်မောင်၏ "Paw Oo" ကုန်အမှတ်တံဆိပ်အား တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပ၍ "Paw Oo" အမှတ်တံဆိပ်ကိုအသုံးပြု၍ "ရေသန့်စက်နှင့် ရေသန့်စက်အပိုပစ္စည်းအမျိုးမျိုး" တို့ကို ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများ မပြုလုပ်ကြရန်နှင့် မည်သူမဆို ဦးပြုံးမောင်မောင်၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးစွဲထွဋ်စိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**

**ဒေါ်ဝင်းဝင်းရွှေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**

အကွက်(၈–၃)၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၄၃၁၀၀၄၀၄၊ ၀၉–၉၆၄၁၀၀၄၀၄၊ ၀၉–၄၀၂၆၂၁၇၁၅၊ ၀၉–၉၇၀၈၈၂၀၅၀

## မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၉၆)၊ ဦးပိုင်အမှတ်(၂၅) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အာရ်စီ(၇)ထပ်အဆောက်အအုံ၏ မြေညီထပ်ခြမ်းပထမထပ်၊အခန်းအမှတ်(B-1)၊ ဧရိယာ(၁၆×၇၀)ပေ အကျယ်အဝန်း ရှိသော တိုက်ခန်းနှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ (ရေမီးအပြည့်အစုံအပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ တိုက်ခန်း၏ဥပစာတစ်ရပ်လုံးနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ယုယုထွန်း(ဘ)ဦးထွန်းဝင်း(၉/မရမ(နိုင်)၀၈၀၂၂၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ–
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
Office- အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။
ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029
ladylawyer.khinninisoe@gmail.com

## မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ–၅)၊ ဦးပိုင်အမှတ်(၆၄)၊ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိသော ဦးမင်းသိန်း အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၁)ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁)ဦးအောင်စန်းမြင့်(ဘ)ဦးတင်မြင့်(၉/ခအဇ(နိုင်)၀၁၇၆၂၃)၊ (၂)ဒေါ်သီဂီမြင့်(ဘ)ဦးတင်မြင့်(၉/ခအဇ(နိုင်)၀၁၇၅၃၂)၊ (၃)ဦးတင်ထွန်းနိုင်(ဘ)ဦးတင်မြင့်(၉/ခအဇ(နိုင်)၀၁၇၆၂၂)၊ (၄)ဒေါ်စန္ဒာမြင့်(ဘ)ဦးတင်မြင့်(၉/ခအဇ(နိုင်)၀၁၇၅၃၃)၊ (၅)ဦးအောင်ဆန်းထွေး(ခ)ဦးအောင်စန်းထွေး(ဘ)ဦးတင်မြင့်(၉/ခအဇ(နိုင်)၀၁၇၅၃၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ–
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
Office- အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။
ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029
ladylawyer.khinninisoe@gmail.com

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၆)၊ ဦးပိုင်နံပါတ်(၂၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ (၆၀×၄၅)ပေ အကျယ်အဝန်းရှိ ဦးမောင်ကိုအမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်ခြမ်း(၃၀×၄၅)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးမြင့်ကျော်(ဘ)ဦးငွေသောင်း(၅/တဆန(နိုင်)၁၀၆၉၄၂)နှင့် ဒေါ်စိမ့်စန္ဒာ(ဘ)ဦးခင်မောင်သိန်း(၁၃/နခတ(နိုင်)၀၇၉၅၀၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၂၅၉၀၄၅၄၈၀

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၃)၊ ဦးပိုင်နံပါတ်(၆၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးတင်အောင်အမည်ပေါက် ဂရန်မြေကွက်၏မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်မင်းဌေး(ဘ)ဦးသံချောင်း(၉/မတရ(နိုင်)၁၁၆၁၅၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၂၅၉၀၄၅၄၈၀

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်အမှတ်(၂၅၂/၂၅၃)နေ (ဘ)ဦးမောင်ဆယ်၏ သမီးများဖြစ်ကြသူ ဒေါ်အေးသန္တာ(၉/ခအဇ(နိုင်)၀၄၆၇၁၉)၊ ဒေါ်အေးမြတ်မွန်(၉/ခအဇ(နိုင်)၀၄၆၇၁၆)၊ ဒေါ်ခင်စန္ဒာထွန်း(၉/ခအဇ(နိုင်)၀၄၆၇၁၈)ကိုင်ဆောင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်အမည်ပါ ဒေါ်အေးသန္တာ၊ ဒေါ်အေးမြတ်မွန်၊ ဒေါ်ခင်စန္ဒာထွန်းတို့မှာ ဦးမောင်ဆယ်+ဒေါ်ခင်မြင့်တို့၏ သမီးများဖြစ်ကြပါသည်။ ဦးဇော်မင်းထွန်း(ဘ)ဦးမောင်ဆယ်(၉/ခအဇ(နိုင်)၀၄၆၇၁၇)ကိုင်ဆောင်သူမှာလည်း ဦးမောင်ဆယ်+ဒေါ်ခင်မြင့်တို့မှ မွေးဖွားသော သားအရင်းဖြစ်ပါသည်။ ဦးမောင်ဆယ်+ဒေါ်ခင်မြင့်တို့မှာ လွန်ခဲ့သော(၈)နှစ်ခန့်ကတည်းက အသီးသီးကွယ်လွန်သွားခဲ့ကြပြီးဖြစ်ပါသည်။ ဦးဇော်မင်းထွန်းသည် မိဘများကွယ်လွန်ခဲ့ကြပြီးနောက် လွှဲအပ်ညွှန်ကြားသူများအား ကိုယ်စိတ်နှစ်ပါးညစ်နွမ်းအောင် စိတ်အနှောင့်အယှက်ဖြစ်စေရန် အမျိုးမျိုး ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် ပြုမူဆောင်ရွက်နေသည့်အပြင် လွှဲအပ်ညွှန်ကြားသူတို့၏ ပတ်ဝန်းကျင်နှင့် ဆွေမျိုးမိဘအသိုင်းအဝိုင်းတို့ကိုလည်း ဂုဏ်သိက္ခာကျဆင်းအောင် အမျိုးမျိုးပြုလုပ်လျက်ရှိပါသည်။ ဦးဇော်မင်းထွန်းနှင့် လွှဲအပ်ညွှန်ကြားသူတို့သည်လည်း ယခုအချိန်မှစ၍ မည်သည့်အကြောင်းအရာ တစ်စုံတစ်ရာနှင့်မျှ ပတ်သက်ဆက်နွှယ်မှုမရှိကြပါ။ ထို့ကြောင့် ဦးဇော်မင်းထွန်းအနေဖြင့် ၄င်းပြုလုပ်ဆောင်ရွက်သည့်ကိစ္စအဝဝတို့သည် လွှဲအပ်ညွှန်ကြားသူတို့နှင့် လုံးဝမသက်ဆိုင်ကြောင်း၊ လွှဲအပ်ညွှန်ကြားသူတို့အနေဖြင့် ဦးဇော်မင်းထွန်း ပြုလုပ်သည့်ကိစ္စအဝဝတို့အား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
**ဦးသီဟအောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၂၉၆၁၂)**
၂၉လမ်းနှင့် လမ်း၃၀ကြား၊ ၈၈(စီ)လမ်း၊ အကွက်(၂၅၂)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၁၄)၊ ဦးပိုင်အမှတ်(၉-ခ)၊ ဧရိယာ(၀ ဒသမ ၀၀၈၂)ဧက အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ(၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာအပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ မြေပေါ်-မြေအောက် အကျိုးခံစားခွင့်၊ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်စွန့်လွှတ်ရရှိပိုင်ဆိုင်သူ ဦးလှညိုထံမှ အမွေဆက်ခံရရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သည့် ဒေါ်မြင့်မြင့်ကြည်ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင် ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
**ဦးကျော်မြင့်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**Min Tayar Gyi**
**Legal Consultant Lawyers Group**
ဖုန်း ၀၉–၄၃၁၄၇၀၈၆၊ ၀၉–၆၅၀၄၀၀၀၄၀၊ ၀၉–၆၆၆၆၂၂၈၆၈

❖ နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် ပညာပေါ်တွင် အခြေခံ . . .

❖ ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ် ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူလူငယ်များသည် နိုင်ငံ၏ အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် ရန်ကုန်-နေပြည်တော်-မန္တလေးခရီးစဉ်များ မကြာမီစတင်ပြေးဆွဲမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိက ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန် - မန္တလေး လမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်း လမ်းပိုင်း၊ ပျဉ်းမနား - တောင်တွင်းကြီး လမ်းပိုင်း၊ ရန်ကုန် - ပြည် - ပုဂံ လမ်းပိုင်း၊ မြစ်ကြီးနား-မိုးကောင်း လမ်းပိုင်း၊ လက်ပံတန်း-သာရဝေါ လမ်းပိုင်းနှင့် သာစည်-ရွှေညောင် လမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို

*စာမျက်နှာ ၆ သို့* ◆



ရန်ကုန်-နေပြည်တော်-မန္တလေးခရီးစဉ်အဖြစ် မကြာမီစတင်ပြေးဆွဲမည့် ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များကို တွေ့ရစဉ်။

# နီပေါလေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာနှင့် နီပေါ သရေကျ



မြန်မာအသင်းနှင့် နီပေါအသင်း ယှဉ်ပြိုင်စဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

နီပေါလေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့ ဆက်လက်ကျင်းပရာ မြန်မာအသင်းနှင့် နီပေါအသင်း နှစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအသင်းနှင့် အိမ်ရှင်နီပေါအသင်းသည် ယခုပွဲမတိုင်မီကတည်းက ဗိုလ်လုပွဲတက်ရောက်ထားပြီဖြစ်သောကြောင့် ယခုပွဲရလဒ်မှာ အရေးမပါသော်လည်း အနိုင်ရရှိရေးအတွက် အားကုန်ထုတ်ကစားခဲ့သည်။ မြန်မာအမျိုးသမီးအသင်း နည်းပြချုပ် ယုကီတက်ဆုရှိသည် အုပ်စုသုံးပွဲစလုံးကို မတူညီသည့် ပွဲထွက် လူစာရင်းဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ကစားသမားများ အတွေ့အကြုံရရန် ဦးစားပေးခဲ့သည်။

မြန်မာအသင်းသည် မျိုးမြမြငြိမ်း(ဂိုး)၊ မေသက်မွန်မြင့်၊ ယုယုနိုင်၊ နော်ထက်ထက်ဝေ၊ ရှုပါခိုင်၊ လင်းမြင့်မိုရ်၊ ယဉ်လွန်းအိမ်၊ သန်းသန်းနွယ်၊ မေထက်လူ၊ မြတ်နိုးခင်၊ ရွှေရည်ထွန်းတို့ကို အသုံးပြုခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၆ မိနစ်တွင် မြတ်နိုးခင်၊ ၁၆ မိနစ်တွင် မေထက်လူတို့က မြန်မာအသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူသော်လည်း ၁၁ မိနစ်တွင် ရာနာမာဂါနှင့် ၄၁ မိနစ်တွင် ဘီဟန်ဒါရီတို့က နီပေါအသင်းအတွက် ချေပဂိုးများ ပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မသွင်းနိုင်သဖြင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

အုပ်စုနောက်ဆုံးနေ့ အခြားပွဲတွင် လက်ဘနွန်အသင်းက ကာဂျစ္စတန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် မြန်မာအသင်းနှင့် နီပေါအသင်း ခုနစ်မှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် မြန်မာအသင်းက အုပ်စုပထမ၊ နီပေါအသင်းက အုပ်စုဒုတိယရရှိပြီး လက်ဘနွန်အသင်းက သုံးမှတ်၊ ကာဂျစ္စတန်အသင်းက သုံးပွဲစလုံးရှုံးကာ အမှတ်မရခဲ့ပေ။ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် နီပေါအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

၀-၀-၀-၀-၀

၀-၀-၀